ကြိမ်ဂနိုင်ကျေးရွာ

နောင်ချိုမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြိမ်ဂနိုင်ကျေးရွာ၊ နောင်ချိုမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

ကြိမ်ဂနိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ နောင်ချိုမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

၁။ နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှုနိဒါန်း ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉**

(က) တည်နေရာ

(ခ) မြေမျက်နှာသွင်ပြင် အနေအထား

(ဂ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀**

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမ ဆက်နွယ်မှု

**၄။ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၂**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦ - လက်လှမ်းမှီ ရယူမှု၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ ၁၉**

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ** ၂၂

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၂၄

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ** ၃၀

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ** ၃၃

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း** ၃၄

(က) ကြီးကြပ်စစ်ဆေးခြင်း
( ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
( ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ (၁)**

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၇

(၁) ကြိမ်ဂနိုင်ကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ
ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကြိမ်ဂနိုင်ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၉

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၃
ကိုးကားစာရင်း ၇၉
အပိုင်း (ခ) စီမံကိန်းဆိုင်ရာ အချက်အလက် ၈၀
စီမံကိန်းဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကြိမ်ဂနိုင်ကျေးရွာ၏ ကျေးရွာသူကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါတယ်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါတယ်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံချက်တွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရ

ဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အမိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇူလိုင်လ (၁၅-၁၇) ရက်၊ ၂၀၁၅ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြိမ်ဂနိုင်ကျေးရွာ
နောင်ချိုမြို့နယ်

## ကြိမ်ဂနိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ နောင်ချိုမြို့နယ်



**ရည်ညွှန်း** - ကြိမ်ဂနိုင်ကျေးရွာ၊ ကြိမ်ဂနိုင်ကျေးရွာအုပ်စု၊ နောင်ချိုမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅-၁၇ ရက်)

## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းစဉ်

### ၁။ နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်း အနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

## (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ရှမ်းပြည်နယ်သည် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်နှင့် တရုတ်ပြည်နယ်၊ အရှေ့ဘက်တွင် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် တောင်ဘက်တွင် ကယားပြည်နယ်တို့ဖြင့် နယ်နိမိတ်ခြင်းထိစပ်နေပါသည်။ ကြိမ်ဂနိုင်ကျေးရွာသည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အတွင်းတည်ရှိသော ကြိမ်ဂနိုင်-

လွန်းကျော် အုပ်စုရွာကြီးတစ်ရွာဖြစ်ပါသည်။ မန္တလေး-လားရှိုး ကားလမ်းမကြီးဘေး ပြင်ဦးလွင်မြို့နှင့်နောင်ချိုမြို့အကြား ၁၈မိုင်စီခန့်အကွာတွင် တည်ရှိပါသည်။ မြောက်ဘက်တွင် ဘန့်ဘွေးရွာကြီး၊ အရှေ့ဘက်ကားလမ်းမတစ်ဖက်တွင် လွန်းကျော်အပိုင်း၊ တောင်ဘက်တွင် ခြေမြစ်ပင်ရွာကြီးနှင့် အနောက်ဘက်တွင် ဆင်လမ်းစုရွာတို့ တည်ရှိကြပါသည်။

သာမန်အားဖြင့် တစ်နှစ်လျှင် မိုးရွာသွန်းရက် (၉၀)မှ (၁၃၀)ထိရှိပြီး နှစ်ပတ်လည် မိုးရေချိန်မှာ (၄၇)လက္မ မှ (၇၀)လက္မအထိ ရှိပါသည်။ မေလမှအအောက်တိုဘာလအထိ မိုးရွာသွန်းပြီး အပူအချိန်မှာ ပူပြင်းသောရာသီတွင် (၆၁°) မှ (၉၆°) ဖာရင်ဟိုက်ထိရှိပြီး အေးမြသောရာသီတွင် (၆၁°) မှ (၉၆°) ဖာရင်ဟိုက်ထိ ရှိ ပါသည်။

နောင်ချိုမြို့သည် ပင်လယ်ရေမျက်နှာပြင်ထက် ပျှမ်းမျှအမြင့်ပေ (၂၇၅၀)တွင် တည်ရှိပြီး ကျေးရွာသည် အများအားဖြင့် ညီညာပြန့်ပြူးသော မြေဧရိယာများပေါ်တွင် တောင်ယာစိုက်ပျိုး လုပ်ကိုင်စားသောက်ကြပါသည်။

## (ခ) သဘာဝအရင်းအမြစ်များ

ကြိမ်ဂနိုင်-လွန်းကျော်ရွာတွင် ကျေးရွာပိုင်သစ်တော ၅ဧကခန့်ထိန်းသိမ်းထားရှိပြီး ဖြုန်းကျောက်များ ပေါများစွာရရှိနိုင်ပါသေးသည်။ သဘာဝရေထွက်ပေါက်တစ်ခုကို ဂယ်ယူပြီး ကျေးရွာသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးထားပြီး ရေခြိ(ခေါ်)တစ်နှစ်ပါတ်လုံးစိုက်ပျိုးရေစိမ့်မြေရှိသော ဧက(၂၀)ကျော် ကျန်ရှိပါသည်။ အခြားဓါတ်သတ္တုရင်းမြစ်များ မတွေ့ရှိရပါ။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ** - ကြိမ်ဂနိုင်ကျေးရွာတွင် အိမ်ထောင်စု (၃၂၉) စု ရှိပြီး၊ ကျား (၆၆၀)ဦးနှင့် မ(၆၅၆)ဦး စုစုပေါင်း (၁၃၁၆) ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄) ဦး ရှိပါသည်။ ကြိမ်ဂနိုင်ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ (၆၈%) ရှိပြီး အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာ (၈၉၃) ဦး ဖြစ်ပါသည်။ (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ်အထက် လူဦးရေ စုစုပေါင်း (၃၂%)သည် မှီခိုသူများ ဖြစ်ကြပါသည်။ ဗမာနှင့် ရှမ်းလူမျိုးများ အများစုနေထိုင်ပြီး ချင်း၊ ဂေါ်ရခါးနှင့် အစ္စလာမ်ဘာသာဝင်အချို့နေထိုင်ကြပါသည်။

**(ခ) စီးပွားရေးအခြေအနေ- (ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု)** - ကျေးရွာသူ/ ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှု နည်းလမ်းအရ ကြိမ်ဂနိုင်ကျေးရွာတွင် အဆင့် (က) - အဆင်ပြေသော အိမ်ထောင်စု (၄၆) စု သာရှိပြီး အိမ်အမျိုးအစားမှာ တိုက်ခံ၊ ပျဉ်ထောင်အိမ်၊ နံကပ်တိုက်ဖြစ်ကာ ၎င်းတို့အနက် (၁၂)ဧကအထက်ပိုင်ဆိုင်သော မိသားစု (၄) စု ရှိပြီး (၁၀) ဧက နှင့်အထက်၊ လယ်ထွန်စက်၊ ထော်လာဂျီကြီး၊ ပြောင်းချွေစက်စသည်တို့ ပိုင်ဆိုင်ကြပါသည်။ အခြားပိုင်ဆိုင်မှုများလည်းရှိပြီး အချို့အိမ်ထောင်စု (၂) စုမှာ စိုက်ပျိုးရေးပစ္စည်းဆိုင်ကြီးနှင့် အချို့မှာ မိုဘိုင်းဖုန်းဆိုင်နှင့်စားသောက်ဆိုင်များတွဲဖက်ဖွင့်ထားပါသည်။ အဆင့် (ခ) - အလယ်အလတ်အဆင့်အိမ်ထောင်စု (၉၈) စုတွင် နံကပ်အိမ်များမှာ အများစုဖြစ်ပြီး လယ် (၂-၁၀) ဧက၊ ဥယျာဉ်ခြံများ၊ မော်တော်

ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ ကျွဲ၊ နွားများ ပိုင်ဆိုင်ကြသည်။ အဆင့် (ဂ) - ဆင်းရဲသော အိမ်ထောင်စုမှာ (၁၁၉) စု အထိရှိပြီး အိမ်အနေအထားမှာလည်း အုတ်ကြမ်းကပ်၊ သွပ်မိုးအိမ် အများစုဖြစ်ကာ လယ် (သို့) ဥယျာဉ်ခြံမြေ (၂) ဧကအောက် ပိုင်ဆိုင်ကြပြီး အများစုမှာ စိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြပါသည်။ အဆင့် (ဃ) - အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ (၆၆) စုရှိပြီး ကျေးရွာအိမ်ထောင်စု၏ (၂၀.၀၆) ရာခိုင်နှုန်း အထိ ရှိပြီး အများစုမှာ မြေယာပိုင်ဆိုင်မှု မရှိကြပေ။ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ကျေးရွာရှိ လယ်ယာလုပ်ငန်းခွင်နှင့် လမ်းတံတားလုပ်ငန်းများတွင် ကျပန်းလုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု -** ကျေးရွာ၏ထုတ်ဖော်ချက်အရ အဆင့် (ဃ) အိမ်ထောင်စု (၆၆) စုနှင့် အဆင့် (ဂ) အိမ်ထောင်စု (၁၁၉) စုတို့ကို အလွန်ဆင်းရဲနှင့် ဆင်းရဲ အဆင့်များ အဖြစ် ထုတ်ဖော်ကြပါသည်။ ထိခိုက်လွယ်မှုရှုထောင့်မှကြည့်လျှင် စားနပ်ရိက္ခာဖူလုံမှု (၃) လ အောက်သာ ဖြေရှင်းနိုင်သောအိမ်ထောင်စုပေါင်း (၉၂) စုသည် အလွန်ဆင်းရဲနှင့် ဆင်းရဲအိမ်ထောင်စု များမှဖြစ်ပြီး ဖြေရှင်းနိုင်စွမ်း နိမ့်သောကြောင့် ထိခိုက်နစ်နာလွယ်မှု အမြင့်မားဆုံးဖြစ်ပါသည်။ (၃)လမှ (၅)လအထိ စားနပ် ရိက္ခာဖူလုံသော အိမ်ထောင်စုမှာ (၅၃) အိမ်ဖြစ်ပြီး ယင်းအစုတွင် အဆင့် (ဂ) အိမ်ထောင်စုများအများစု ပါဝင်ကြပါသည်။ ကျန် (၁၈၄) အိမ်မှာ တစ်နှစ်အထိ စားနပ်ရိက္ခာဖူလုံမှုရှိခြင်းကြောင့် ဖြေရှင်းနိုင်စွမ်းမြင့်ကြပါသည်။ အဓိကထိခိုက်နစ်နာလွယ်မှုမှာ အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းရှားပါးခြင်းဖြစ်ပြီး ယင်းမှာ မြေယာပိုင်ဆိုင်မှုနှင့် ဆက်စပ် နေပါသည်။ မိရိုးဖလာအရ တောင်ယာစိုက်ပျိုးစားသောက်ကြရာ မိမိတို့ပိုင်ဆိုင်မြေယာများကို ဥပဒေများနှင့်အညီ မှတ်ပုံတင်ရမည်ကို မသိနားမလည်ခြင်း (သို့မဟုတ်) ဥပဒေများသည် မိမိတို့ ရယူရမည့် ဝန်ဆောင်မှုရပိုင်ခွင့်များ ဖြစ်သည်ကို သိရှိနားလည်မှုနည်းပါးခြင်းကြောင့် မြေယာများကို သက်ဆိုင်ရာအစိုးရမှ သစ်တောမြေများအဖြစ် သတ်မှတ်သောအခါ မြေယာများ လက်လွတ် ဆုံးရှုံးရပါသည်။ ထို့နောက် အစိုးရက ကုမ္ပဏီများကို စက်မှုသီးနှံ (ယခင်နှစ်ရှည်ပင်) များအဖြစ် ဒေသနှင့်ကိုက်ညီသော ကော်ဖီနှင့် မက္ကဒေးမီးယားပင်များ စိုက်ပျိုးရန် မြေယာခွဲဝေချထားသောအခါ ဒေသခံများ မရရှိနိုင်တော့ချေ။ ထို့အတူလွန်းကျော်အပိုင်းနေအများစုမှာ ယခင်က ထုံးဖုတ်ခြင်း လုပ်ငန်းကိုလုပ်ကိုင်ကြရာမှ ယခုအခါ သစ်တောပြုန်းလာခြင်း၊ လောင်စာရှားပါးလာခြင်းနှင့် ဖြုန်းအုတ်ရရှိမှု နည်းပါးလာခြင်းတို့ကြောင့် အခက်အခဲကြုံတွေ့လာရမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာအနေဖြင့် အသက်မွေးဝမ်းကြောင်း ပြောင်းလဲလုပ်ကိုင်ရမည့် အခြေအနေတွင် လိုအပ်သော ကျွမ်းကျင်မှုများ မရှိနိုင်သေးခြင်းသည် ကျေးရွာ၏အဓိကထိခိုက်နစ်နာလွယ်မှုဖြစ်ကာ ပညာ အရည်အချင်း နိမ့်ပါးခြင်းသည် အခွင့်အလမ်းလက်လှမ်းမီမှုကို ထပ်မံကန့်သတ်လိုက်ခြင်းကြောင့် ထိခိုက်နစ်နာလွယ်မှု ဆတိုးစေသကဲ့သို့ဖြစ်နေပါသည်။ ဂေါ်ရခါးမိသားစုအချို့မှလွဲပြီး ပြင်ပသို့ သွားရောက်လုပ်ကိုင်ကြသူ နည်းပါးသေးသဖြင့် ရွှေ့ပြောင်း သွားလာရခြင်းကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်ရသော အကျိုးဆက်များ (ဥပမာ-ကူးစက်ရောဂါများ) ကိုခံစားရခြင်းနည်းပါးပါသည်။ သောက်သုံးရေဖူလုံမှုရှိပြီး ယင်လုံအိမ်သာနှင့် သန့်ရှင်းရေး အခြေအနေကောင်းခြင်းကြောင့် ကျန်းမာရေး အခြေအနေကောင်းသည်ဟု ဆိုနိုင်ပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ** - ကြိမ်ဂနိုင်ကျေးရွာတွင် စာတတ်မြောက်မှု (ရေးတတ် ဖတ်တတ်ခြင်း) မှာ (၉၉) ရာခိုင်နှုန်းထိရှိပါသည်။ ဘန့်ဘွေးရွာကြီး အထက်တန်းကျောင်းနှင့် (၃)မိုင် သာဝေးခြင်း၊ ပြင်ဦးလွင်နှင့်နောင်ချိုမြို့များသို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းများကြောင့် အခြေခံပညာရေးကို လက်လှမ်းမီသည်ဟုဆိုနိုင်ပါသည်။ ကျေးရွာအတွင်း မူလတန်းကျောင်းကို မူလ တန်းလွန်အဖြစ် တိုးမြှင့်ခြင်းကို ၂၀၁၃ခုနှစ်တွင် လုပ်ဆောင်နိုင်ခဲ့ပြီး လက်ရှိတွင် တက္ကသိုလ်တက် ရောက်နေသူ ကျား (၁၂)ဦး နှင့် မ (၁၇) ဦးစီနှင့် ဘွဲ့ရပြီးစီးသူ ကျား (၉) ဦးနှင့် မ(၉) ဦး အသီးသီးရှိပါသည်။ တက္ကသိုလ်ကို လားရှိုးနှင့်မန္တလေးမြို့များသို့ တက်ရောက်ကြပါသည်။

အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း (ရေခြံ၊ တောင်ယာ (စီပီပြောင်း)နှင့် ဥယျာဉ်ခြံလုပ်ငန်း၊) ဖြစ်ပြီး နွား၊ ကျွဲ၊ ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ စသည့် တိရစ္ဆာန် များကို မွေးမြူကြပြီး စီပီကြက်ခြံတစ်ခြံရှိပါသည်။ ကြိမ်ဂနိုင်အပိုင်းရှိ စိုက်ပျိုးမြေ မပိုင်ဆိုင် သူများမှာ လယ်ယာလုပ်ငန်းခွင်တွင် အများစုမှီခိုလုပ်ကိုင်စားသောက်ကြပြီး လွန်းကျော်အပိုင်း တွင်မူ ထုံးဖုတ်လုပ်ငန်းတွင် လုပ်ကိုင်စားသောက်ကြပါသည်။

**(စ) ကျားမဆက်နွယ်မှု** - ကြိမ်ဂနိုင်ကျေးရွာ၏ ကျား၊ မဆက်နွယ်မှုအခြေအနေမှာ သာမန်အားဖြင့် အများနှင့်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများ ပါဝင်လုပ်ဆောင်နိုင်မှုမှာ အကန့်အသတ်ရှိဆဲ အနေအထားဖြစ်ပါသည်။ လူဦးရေအနေဖြင့် ကျား၊ မကွာခြားမှုမှာ အလုပ် လုပ်နိုင်သော အသက်အရွယ်တွင် အမျိုးသမီးက (၃၅) ဦးပိုမိုကာ လုပ်အားခမှာ အမျိုးသား တစ်နေ့ လျှင် (၃၅၀၀) ကျပ်မှ (၄၀၀၀) ကျပ်ထိ ရရှိနိုင်ပြီး အမျိုးသမီးလုပ်အားခမှာ တစ်နေ့လျှင် (၃၀၀၀) ကျပ် ဖြစ်သောကြောင့် (၅၀၀) ကျပ် ကွာခြားသည်ကို တွေ့ရပါသည်။ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစသည့်အဖွဲ့အစည်းများကို အစိုးရ၏ ဦးဆောင်ပေးမှုဖြင့် ဖွဲ့စည်းထားရှိသော်လည်း ကျေးရွာ ၏အရေးကြီးသောဆုံးဖြတ်ချက်များကို ဝင်ရောက်ချမှတ်နိုင်သည်အထိ ပါဝင်လုပ်ဆောင်မှု နည်းပါး ပါသည်။

**၄။ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ**

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်** - ဖွံ့ဖြိုးရေးကိစ္စရပ်များကို သာမန်အားဖြင့် အုပ်ချုပ်ရေး နှင့် ရပ်မိရပ်ဖအဖွဲ့တို့က တိုင်ပင်ဆုံးဖြတ်လေ့ရှိပြီး တစ်ရွာလုံးက ပူးပေါင်းပါဝင်ပေးရလေ့ရှိပါသည်။ လက်ရှိဖွံ့ဖြိုးရေးနှင့် လူမှုရေးလုပ်ဆောင်နေသော ကျေးရွာအခြေပြု အဖွဲ့အစည်းများအနက် ဂေါပက အဖွဲ့၊ ဝေယျာဝစ္စမြတ်သုခအဖွဲ့၊ ဓမ္မစကူးလ်အဖွဲ့တို့သည် ဘာသာရေးကိစ္စရပ်များကို ဦးဆောင် တာဝန်ယူပြီး လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့တို့သည် သာမန်အားဖြင့် အုပ်ချုပ်ရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စအရပ်ရပ်တွင် တာဝန်ပေးသည့်အတိုင်း လိုက်လံလုပ်ဆောင်ရပြီး ကျောင်းအကျိုးတော် ဆောင်အဖွဲ့သည်

ရပ်ရွာပညာရေးကဏ္ဍအတွက် တာဝန်ယူလုပ်ဆောင်ရပါသည်။ ကိစ္စရပ်အလိုက် ကော်မတီဖွဲ့စည်း လုပ်ဆောင်လေ့ရှိပြီး မလိုအပ်တော့ပါက ကော်မတီကို အလိုလိုဖျက်သိမ်းလိုက် ပါသည်။ ဥပမာ-လျှပ်စစ်မီးရရှိရေးအတွက် မီးကော်မတီနှင့် သောက်သုံးရေအတွက် ရေကော်မတီ တို့ကို ဖွဲ့စည်းထားရှိကာ သက်ဆိုင်ရာဝန်ဆောင်မှုများရရှိရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်း ပြုပြင်ရေးတို့ကို လုပ်ဆောင်ကြပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် အုပ်ချုပ်ရေးအဖွဲ့ ၏ ဆုံးဖြတ်သူဖြစ်ပြီး ရွာပြင်ပနှင့် အဓိကဆက်သွယ်လုပ်ကိုင်ရသူဖြစ်ကာ သက်ဆိုင်ရာ အစိုးရဌာန များကို တာဝန်ခံရသူလည်း ဖြစ်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ** - ကြိမ်ဂနိုင်-လွန်းကျော်ကျေးရွာတွင် စိုက်ပျိုးမြေဧကစု စုပေါင်း (၁၃၁) ဧကရှိပြီး လယ်မြေ (၂၁) ဧကကျော်၊ ယာမြေ (၆၀) ဧက၊ ရေခြံ (၅၀) ဧကခန့်စီ ရှိကြပါသည်။ မြေဧကပိုင်ဆိုင်မှုစာရင်းမှာ လက်ရှိအုပ်ချုပ်ရေး အထောက်အထားများအရ ဖြစ်ပြီး ကျေးရွာအနီးရှိ အေးရှားဝေါလ်ကုမ္ပဏီပိုင် မက္ကဒေးမီးယားစိုက်ခင်းများအတွင်း စိုက်ပျိုးနိုင်သည့် နေရာများတွင် ကုမ္ပဏီဖြင့်နားလည်မှုရယူပြီး စိုက်ပျိုးနေသော မြေဧကမှာ (၈၀၀) ကျော်ခန့် ရှိပါသည်။ ပြောင်း(စီပီ)ကို တစ်ရွာလုံး အိမ်ခြံဝင်းတွင်ပါ နေရာလွတ်မကျန်စိုက်ပျိုးကြပြီး မေလမှ အောက်တိုဘာလအထိ စိုက်ပျိုးလေ့ရှိကြပြီး ပဲကြားနှင့် ပဲစိတ်တိုကို သီးညှပ်အဖြစ် စိုက်ပျိုးကြ ပါသည်။ အမြတ်ရရှိနိုင်မှု အလယ်အလတ်ရှိပြီး စိုက်ပျိုးထုတ်လုပ်နိုင်မှုမြင့်သော သီးနှံဖြစ်ပါသည်။ အာလူးစသည့် သီးနှံများကို အများအားဖြင့် ရေခြံများတွင် စိုက်ပျိုးကြပြီး ရေခြံများသည် စိမ့်စမ်းရေ တစ်နှစ်ပတ်လုံး ရရှိစိုက်ပျိုးနိုင်ကြပါသည်။

စပါးစိုက်ပျိုးဧက (၂၆) ဧက အထိရှိပြီး ဇူလိုင်လမှ နိုဝင်ဘာလအထိ စိုက်ပျိုးကြကာ သွင်းအားစုလိုအပ်ချက်မြင့်ပြီး အများအားဖြင့် ကိုယ်တိုင်စားသုံးရန်အတွက်သာစိုက်ပျိုးကြပါသည်။ ဆောင်းသီးနှံကို အများအားဖြင့် အောက်တိုဘာလမှ ဇန်နဝါရီလလယ်အထိ စိုက်ပျိုးကြပြီး အမြတ် ရရှိနိုင်မှုများပါသည်။ စီပီကြက်ခြံ (၁) ခြံကို စမ်းသပ်မွေးမြူလုပ်ကိုင်နေသူ တစ်အိမ်ထောင်စုရှိပြီး မြေနေရာအကန့်အသတ်ရှိလာခြင်းကြောင့် မွေးမြူရေးကို စီးပွားဖြစ် လုပ်ကိုင်သူနည်းပါးလာကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ** - ကျေးရွာအတွင်းရှိ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ မိုဘိုင်းဖုန်း ဆိုင်၊ ဆံသဆိုင်၊ သယ်ယူပို့ဆောင်ရေး၊ ပွဲစား၊ ဝန်ထမ်း၊ ပန်းရံ၊ လက်သမား၊ စက်ပြင်၊ စက်ဘီး/ ဆိုင်ကယ်ပြင်၊ အပ်ချုပ်လုပ်ငန်းစသည် ကဏ္ဍများတွင် လုပ်ကိုင်နေကြပါသည်။ ကျေးရွာမှ ကျပမ်း လုပ်သား အိမ်ထောင်စုများမှာ အများအားဖြင့် စိုက်ပျိုးရာသီတွင် လယ်ယာလုပ်ငန်းခွင်တွင် ဝင်ရောက် လုပ်ကိုင်ကြပြီး စိုက်ပျိုးရာသီကုန်လျှင် အခြားရရာလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ လွန်းကျော် အပိုင်းတွင်မူ ထုံးဖုတ်လုပ်ငန်းတွင် အဓိကလုပ်ကိုင်ကြပြီး လုပ်ငန်းအမှာများပါက အလုပ်မပြတ်ကြ သော်လည်း လုပ်ငန်းပါးချိန်တွင် လုပ်ငန်းရှင်ထံမှ လုပ်အားခကြိုယူခြင်းဖြင့် ဖြေရှင်းကြပါသည်။ ဇတ်မင်းသား၊ ဇတ်နောက်လိုက်နှင့် အစိုးရဝန်ထမ်းအနည်းငယ်တို့ရှိကာ ယင်းတို့၏ အသက်မွေး ဝမ်းကြောင်းမှုမှာမူ အလယ်အလတ်အဆင့်တွင် ရှိမည်ဖြစ်ပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု** - ကျေးရွာတွင် ဆိုးရွားသည့် ကြီးမားသော သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြုံတွေ့ရဖူးခြင်း မရှိသော်လည်း ရာသီဥတု ပြောင်းလဲမှု၏အကျိုးဆက်ကိုကား အပူချိန်တိုးမြှင့်လာခြင်းကို သတိပြုခံစားနေရပြီးဖြစ်ပါသည်။ မိုးဦးနောက်ကျခြင်းကို ၃နှစ်ဆက်တိုက်ကြုံတွေ့ခဲ့ရပြီး သဘာဝဘေးစီမံခန့်ခွဲမှုကို ကျေးရွာအဆင့် တွင် သက်ဆိုင်ရာဌာနများက ပေါင်းစပ်လာမှသာ လုပ်ဆောင်ကြပြီး မည်သည့်ပုံမှန်စီမံခန့်ခွဲမှုမျှမရှိ သေးပါချေ။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု** - စိုက်ပျိုးရေးတောင်သူများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ နွေစပါးနှင့် မိုးစပါးအတွက် ထုတ်ချေးနိုင်သည်။ ထုတ်ချေးသည့်နှုန်းမှာ တစ်ဦးနှင့် တစ်ဦး မြေဧကအပေါ်မူတည်၍ ကွာခြားမှုရှိပါသည်။ အတိုးနှုန်းမှာ တစ်လလျှင် (၁.၄၂ ရာခိုင်နှုန်း) ဖြစ်ပြီး (၆) လပြည့်ပါက အတိုးနှင့်အရင်း တစ်ကြိမ်တည်းပေါင်းပြီး ပြန်လည် ပေးဆပ်ရသည်။ ပက်မြန်မာငွေချေးအဖွဲ့က ကျေးရွာအတွင်းရှိ အမျိုးသမီးများကို ဝိုင်းကြီးချုပ်ငွေချေးစနစ်ဖြင့် ချေးငွေထုတ်ပေးထားပြီး လိုအပ်သောသင်တန်းများ ထောက်ပံ့ပေးထားကာ အတိုးရယူပါသည်။ ပက်မြန်မာငွေချေးအဖွဲ့၏ အတိုးတွက်ပုံများမှာ ရှုပ်ထွေးပြီးနားလည်ရခက်ကာ အလွန်ဆင်းရဲ အိမ်ထောင်စုများအနေဖြင့် ပြန်လည်ပေးဆပ်ရန်ပင် အခက်အခဲကြုံတွေ့နေရသည်ဟု ထုတ်ဖော်ပြောဆို ကြပါသည်။ အခြားပုံမှန်နှင့်အတိုးနှုန်းနိမ့်သော ငွေကြေးဝန်ဆောင်မှုအစီအစဉ်မရှိပဲ သီးနှံပွဲစားထံမှ စိုက်ပျိုးရေးသွင်းအားစုများအတွက် ငွေယူထားပါက သီးနှံပေါ်ချိန်ပေါက်ဈေးဖြင့် ၎င်းထံသို့သာ ပြန်လည်ရောင်းချရပါသည်။ အကယ်၍ပေါက်ဈေးပိုသည့်နေရာသို့ သွားရောက်ရောင်းချပါက ပွဲစားက နောက်တစ်ကြိမ် ထပ်မံငွေချေးငှားခြင်းမပြုတော့ချေ။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** - ကျေးရွာ၏ ပညာရေးကဏ္ဍတွင် မူလတန်းလွန်ကျောင်းအဖြစ် ပညာရေးဌာနက ၂၀၁၃ခုနှစ်တွင် တိုးမြှင့်ပေးခဲ့ပြီး လက်ရှိတွင် အလယ်တန်းကျောင်း သို့မဟုတ် အလယ်တန်းကျောင်းခွဲရရှိလိုကြပါသည်။ ဆရာ၊ ကျောင်းသား အချိုးညီမျှမှုရှိပြီး ကျေးရွာမှ ကျောင်းနေအရွယ် ကလေးငယ်အားလုံးလိုလိုကို အခြေခံပညာ မူလတန်းပညာရေးရရှိအောင် ကြိုးစားကြပါသည်။ အသက်မွေးဝမ်းကြောင်း ပြောင်းလဲရန် လိုအပ် ခြင်းကို ပိုမိုသဘောပေါက်လာခြင်းကြောင့် မိမိတို့သားသမီးကို ပညာအမွေပိုမိုပေးလိုလာကြပါသည်။

ကျေးရွာ၏ အဖြစ်အများဆုံးသောရောဂါများမှာ ရာသီဖျားနာမှုများသာ ဖြစ်ကြပြီး လက်ရှိ အခြေအနေတွင် ရွာတွင်းကျန်းမာရေးဆေးပေးခန်း မရှိသေးသောကြောင့် ဘန့်ဘွေးရွာကြီးနှင့် ရုံဖန်ရုံခါ ခြေမြစ်ပင်ရွာသို့လည်းကောင်း ကိစ္စကြီးများနှင့် အရေးပေါ်များတွင် နောင်ချိုမြို့နယ်ဆေးရုံ နှင့် ပြင်ဦးလွင်မြို့နယ် အစိုးရနှင့် ပုဂ္ဂလိကဆေးရုံများသို့လည်းကောင်း သွားရောက်ကြပါသည်။ ကျေးရွာအတွင်း ဓါတ်ငွေ့ပိုက်လိုင်းဖြတ်သန်းသွားခြင်းအတွက် တရုတ်ကုမ္ပဏီက ကျေးရွာ ဆေးပေးခန်းတစ်ခုကို တည်ဆောက်ပေးထားပြီး ၂၀၁၅ခုနှစ် နိုဝင်ဘာတွင် ဖွင့်လှစ်အသုံးချနိုင် မည်ဟု မျှော်လင့်ထားကြပါသည်။ ယခင်က ငှက်ဖျားအဖြစ်များပြီး CESVI အဖွဲ့ဝင်ရောက်လာခဲ့ပြီး ငှက်ဖျားတိုက်ဖျက်ရေးလုပ်ငန်းများကို ရွာနှင့်တွဲဖက် လုပ်ဆောင်

ခဲ့သည့် နောက်ပိုင်းတွင် ခြင်ထောင် ဖြင့် အိပ်စက်ခြင်းစသည့် ကျန်းမာရေးအလေ့အထကောင်းများ ဖြစ်ထွန်းလာကာ ငှက်ဖျားရောဂါ တွေ့ရှိရမှု မရှိသလောက်ဖြစ်သွားခဲ့ပါသည်။

ကျေးရွာအတွက် အဓိကသောက်သုံးရေကို ရွာနှင့်အတန်ငယ်ဝေးကွာသော ရေထွက်နေရာမှ ပိုက်ဖြင့်သွယ်ကာ ရေစုကန်တွင်ရေစုပြီး တစ်ရွာလုံးသို့ ပိုက်များဖြင့် စနစ်တကျ သွယ်တန်းပေးထားပါသည်။ ထို့ပြင် အဝိစီတွင်းပေါင်း (၁၃) တွင်းကျော်ရှိပြီး စည်ပင်သာယာမှ တူးပေးထားသောတွင်း (၁) တွင်းနှင့် ကျန်တွင်းများမှာ ပုဂ္ဂလိကပိုင်များဖြစ်ပါသည်။ သို့သော် သောက်ရေကို ရေသန့်လုပ်ငန်းများဖွံ့ဖြိုးလာသည်နှင့်အမျှ သောက်ရေသန့်ဗူးများကို ဘန့်ဘွေးနှင့်နောင်ချိုမှ ဝယ်ယူသောက်သုံးမှုများလာကြပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု -** ကျေးရွာတွင် ဗမာနှင့်ရှမ်းလူမျိုးအများစုနေထိုင်ကြပြီး ရှမ်းလူမျိုးများ ယဉ်ကျေးမှုနှင့်စာပေတို့အတွက် မြို့နယ်ရှမ်းစာပေအဖွဲ့နှင့် ချိတ်ဆက်လုပ်ဆောင်မှုများရှိကာ ဂေါ်ရခါးလူမျိုးများ၊ ချင်းလူမျိုးများနှင့် အစ္စလာမ်ဘာသာဝင်(လူမျိုးမသိ)တို့မှာမူ မန္တလေး-လားရှိုးလမ်းကားလမ်းမဘေး ပြင်ဦးလွင်ဘက်ရှိခြေမြစ်ပင်ရွာကြီးတွင် ဘာသာတရား အလိုက်သွားရောက်ဝတ်ပြုကြပြီး ဘာသာစကားသင်ယူမှု အသီးသီးရှိကြပါသည်။

ကျေးရွာကိုကိုယ်စားပြုပြီး ပါဝင်နိုင်မှုမှာ အကန့်အသတ်ရှိသေးပြီး အုပ်ချုပ်ရေးပိုင်းတွင် တာဝန်ပေးအပ်သမျှကိုသာ လူကြီးများနှင့် တွဲဖက်လုပ်ဆောင်လေ့ရှိပါသည်။ လူငယ်အဖွဲ့သည် အမျိုးသားလူငယ်များဖြင့် ဖွဲ့စည်းကာ အမျိုးသမီးကလေးများအဖွဲ့သည် အမျိုးသမီးလူငယ်များဖြင့် ဖွဲ့စည်းထားပြီး ခေါင်းဆောင်တစ်ဦးစီရှိကာ ရပ်ရေးရွာရေးများတွင် ဝိုင်းဝန်းလုပ်ဆောင်ကြပါသည်။

နေရာဒေသအားသာချက်ရှိသည့်အလျောက် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေး (ဂျီအက်စ်အမ်) ကို လက်လှမ်းမီရယူအသုံးပြုနိုင်ကြသည်မှာ ၂၀၁၀ခုနှစ်နောက်ပိုင်းတွင် လူငယ်များ ပိုမိုသုံးစွဲလာကြပါသည်။ ထို့ပြင် မော်တော်ဆိုင်ကယ်များ ပေါ်များလာခြင်းက ရွာ၏ဓလေ့ကို သိသာသော ပြောင်းလဲမှု ဖြစ်ထွန်းစေပါသည်။ ယခင်ကတောင်ယာများသို့ နံနက်စောစော(၄နာရီခန့်) ခြေလျင်နှင့် နွားလှည်းဖြင့်သွားရောက်ခဲ့ကြရာမှ ယခုအခါမော်တော်ဆိုင်ကယ်ဖြင့် သွားရောက်ကာ လက်တွန်းထွန်စက်(သို့) လယ်ထွန်စက်ကြီးများ အသုံးပြုထွန်ယက်စိုက်ပျိုးနိုင်လာကြသဖြင့် နံနက်စောစော ထရန်မလိုတော့သကဲ့သို့ တီဗီ၊ စလောင်းစသည်တို့ကို လက်လှမ်းမီခြင်းကြောင့် အထူးသဖြင့် ယောက်ျားလေးလူငယ်များ ဘောလုံးပွဲကို အချိန်နှင့်တပြေးညီ ကြည့်ရှုနိုင်လာကြသည်။ သို့သော်အခြားတစ်ဖက်တွင်မူ ယခင်က စောစောအိပ်ထပြုကျင့်ခဲ့ပြီး ကျန်းမာရေးနှင့်ညီညွတ်နေရာမှ ယခုအခါနောက်ကျပြီးအိပ်ယာဝင်ခြင်း မနက်မထနိုင်ခြင်းများစသည့် အလေ့အထများ ပြောင်းလဲလာကြပါသည်။ ထို့အတူ စာဖတ်နည်းသွားပြီး ရုပ်မြင်သံကြားနှင့် မိုဘိုင်းအင်တာနက်ပေါ်တွင် လူငယ်များအချိန်ပိုမိုသုံးစွဲလာကြကာ ချက်ခြင်းဖြစ်သတင်းများကို ရယူနိုင်ကြပြီး အကဲဖြတ်သုံးသပ်နိုင်စွမ်းမှာမူ အကန့်အသတ်ရှိနေသေးသော အခြေအနေဖြစ်ပါသည်။ မော်တော်ဆိုင်ကယ်ပေါ်များလာခြင်းနှင့်အတူ စည်းကမ်းမဲ့ယာဉ်မောင်းနှင်မှုများကြောင့် ကျေးရွာအတွင်း ယာဉ်မတော်တဆမှုများများလာခြင်းနှင့်တီဗီ၊ ဗီစီဒီများကြောင့် အခွေဝယ်ယူကြည့်ရှုမှု များလာခြင်း အင်တာနက်

ကြောင့် မိသားစုနှင့်ဆွေးဆွေးထွေးထွေး အချိန်ကုန်ဆုံးမှုနည်းလာခြင်းတို့သည် သိသာသည့် အပြောင်းအလဲများဖြစ်ကြပါသည်။

**(ဇ) အခြေခံ အဆောက်အဦ - (လက်လှမ်းမှီ ရယူမှု)၊ လမ်း၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး** - ကြိမ်ဂနိုင်-လွန်းကျော်ရွာတွင် အခြေခံအဆောက်အဦအဖြစ် ကျေးရွာလမ်းများ၊ ထရန်စဖော်မာတစ်ခုဖြင့် အိမ်ထောင်စုပေါင်း(၂၀၆)အိမ်၊ မကြာသေးမီကတည်ဆောက်ပြီးစီးခဲ့သည့် စာကြည့်တိုက်တစ်ခု၊ ရေပေးဝေရေးစနစ်တစ်ခု၊ မူလတန်းလွန်ကျောင်းတစ်ခုနှင့် လမ်းဘေးခရီးသည် နားနေဇရပ်တစ်ဆောင်တစ်ခုတို့ရှိကြပါသည်။ ယင်းအခြေခံအဆောက်အဦအားလုံးတို့ကို ယေဘူယျအားဖြင့် တစ်နှစ်ပတ်လုံးသုံးစွဲနိုင်ကြပါသည်။ မန္တလေး-လားရှိုး ကားလမ်းမကြီးမ ဆင်လမ်းစုရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာရွာလယ်လမ်းမကြီးမှာ ကတ္တရာလမ်းဖြစ်ပြီး လမ်းပခုံးဧရိယာအပါအဝင် ပေ(၃၀) ခန့် ကျယ်ဝန်းကာ ဆင်လမ်းစုထိ (၇) ဖာလုံရှည်လျားပါသည်။ ကြိမ်ဂနိုင်အပိုင်း ရွာတွင်းလမ်းမအများစုကို ကျောက်ကြမ်းမြေမာလမ်းများဖြစ်ပြီး မိုးရာသီတွင် အနည်းငယ်ခက်ခဲသည်မှအပ ကောင်းစွာ အသုံးပြုနိုင်ကြပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး-** ကျေးရွာတွင် ရာဇဝတ်မှု ကြီးကြီးမားမား မရှိပါ။ ကျေးရွာလူထုအတွက် ပြည်သူများ ဘေးကင်းလုံခြုံမှုနှင့် ဝန်ဆောင်မှုကောင်းမွန်ပါသည်။ ဗင်းပုံစံဖော်ထုတ်ချက်နှင့် ကျေးရွာသမိုင်းကြောင်း ဆွေးနွေးချက်များအရ ယခင်ကပြည်သူ့စစ်ရှိခဲ့ပြီး ကျေးရွာလုံခြုံရေးကို ပူးပေါင်းလုပ်ဆောင်ပေးခဲ့ကြဖူးကြောင်း စစ်အုပ်ချုပ်ရေးအသက်ဝင်လာပြီး ခါးပြဆူပူမှုများ လျော့ပါးလာသည့်နောက်တွင် လုံခြုံရေးထိပါးသည်အထိ အဖြစ်အပျက်များမရှိတော့ပါ။ သာမန်အားဖြင့် ရာဇဝတ်မှုနည်းပါးပြီး ဖြစ်လာပါကလည်းကျေးရွာနှင့် အနီးဆုံးဖြစ်သော (၃) မိုင်အကွာရှိ ဘန့်ဘွေးရဲစခန်းကို ကနဦးဆက်သွယ်ကြရပြီး နောင်ချိုမြို့ရဲစခန်း၊ တရား ဥပဒေစိုးမိုးရေးဌာနများဖြင့် ဆက်လက်ချိတ်ဆက်လုပ်ဆောင်ကြပါသည်။ အရံမီးသတ် တပ်ဖွဲ့၊ လူငယ်အဖွဲ့တို့က လုံခြုံရေးတာဝန်လိုအပ်လာပါ အုပ်ချုပ်ရေးဖြင့်တွဲဖက်တာဝန်ယူ လုပ်ဆောင်လေ့ရှိပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကြိမ်ဂနိုင်- လွန်းကျော်ကျေးရွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များတိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်း သို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်း လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံဖော်ဆောင်မည် စသည့်တို့သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည်ဖြစ်ပါသည်။

## (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

ကြိမ်ဂနိုင်ကျေးရွာ၏ အလုပ်လုပ်နိုင်သောဦးရေမှာ စုစုပေါင်းလူဦးရေ၏ (၆၈%) ရှိကာ အမျိုးသမီးဦးရေက (၃၅) ဦးပိုခြင်းက ကျေးရွာ၏ လူ့စွမ်းအားအရင်းအမြစ် အခြေအနေကို ဖော်ပြသည့်အပြင် ဘွဲ့ရသူ ကျား (၉)ဦး၊ မ (၉)ဦးနှင့် လက်ရှိတက္ကသိုလ်တက်နေသူများလည်း ရှိခြင်းက ကျေးရွာအတွင်း ပညာတတ်ဦးရေတိုးလာမည့် အနေထားကိုပြသနေပါသည်။ ထို့အပြင် မိဘများကလည်း အနည်းဆုံးအားဖြင့် မိမိတို့ သားသမီးကို ကျေးရွာအတွင်းရှိ မူလွန်ပညာရေးကိုမူ အောင်မြင်ပြီးစီးစေချင်ပြီး အခက်အခဲမည်မျှ ကြုံတွေ့စေကာမူ သားသမီးများကို ပိုမိုကျောင်းထားလာခြင်းက အနာဂတ်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးလာနိုင်ခြေအားကောင်းစေမည့် အဓိကအကြောင်းရင်းဖြစ်ပါသည်။

ကျေးရွာ၏တည်နေရာသည် မန္တလေး-လားရှိုး ကားလမ်းမဘေး ပြင်ဦးလွင်မြို့နှင့် နောင်ချိုမြို့တို့အကြား လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းက အားသာချက်ဖြစ်ပါသည်။ ဝန်ဆောင်မှုများကို လက်လှမ်းမီရယူနိုင်ပြီး သတင်းအချက်အလက်များ စီးဆင်းမှုအားကောင်းပါသည်။ ထို့ကြောင့် ကျေးရွာ၏ မြေယာအကန့်အသတ်ရှိခြင်းကို ဖြေရှင်းပေးနိုင်မည့် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများ (မြို့နယ်မြေယာစီမံခန့်ခွဲမှုကော်မတီ) စသည်ကို ချိတ်ဆက်ပြီး ကုမ္ပဏီများကို သစ်တောဧရိယာအတွင်း လုပ်ကွက်ချပေးသကဲ့သို့ ရွာရှိလယ်သမားအစုအဖွဲ့များကိုလည်း ချပေးနိုင်ပါက ညှိနှိုင်းလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ဖော်ထုတ်ကြပါသည်။

ထို့ပြင် စျေးကွက်တိုက်ရိုက်ချိတ်ဆက်မှုရှိခြင်းသည် အားသာချက်ဖြစ်ကာ ဘန့်ဘွေးစျေး (၃မိုင်)၊ နောင်ချိုမြို့မစျေးအပြင် ပြင်ဦးလွင်နှင့် မန္တလေးတို့သို့ တိုက်ရိုက်ချိတ်ဆက်နိုင်ခြင်းက အားသာချက် ဖြစ်စေပါသည်။ လျှပ်စစ်မီးရရှိခြင်းက ရွာဘုံပိုင်သီးနှံသိုလှောင်ရုံ သို့မဟုတ် တန်ဖိုးထပ်ပေါင်းထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်မည့် အလားအလာကို မီးမောင်းထိုးပြသကဲ့သို့ ဖြစ်နေပေသည်။

ပုံစံ(၇)ရပြီး လယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်က ချေးယူနိုင်ပြီး ပက်မြန်မာငွေတိုးချေးအဖွဲ့၏ အမျိုးသမီးငွေစုငွေချေးအဖွဲ့ကို အတုယူပြီး ပိုမိုရိုးရှင်းအတိုးနှုန်းသက်သာသော အဖွဲ့တစ်ခုဖွဲ့စည်းလုပ်ကိုင်နိုင်သည့် အလားအလာကောင်း တစ်ခုလည်းရှိပါသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ

အဓိကစိုးရိမ်ဖွယ်ဖြစ်နေသော အဟန့်အတားမှာ မြေယာများအကန့်အသတ်ရှိလာခြင်းနှင့် ယင်းကြောင့် နောင်မျိုးဆက်များ မြေယာပိုင်ဆိုင်နိုင်မှုမှာ အကန့်အသတ်များလာပြီး တောင်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးမှုမပြုနိုင်တော့ပဲ အသစ်သော အသက်မွေးဝမ်းကြောင်းတစ်ခုကို စိန်ခေါ်ချက်တစ်ခုအဖြစ် ကြုံတွေ့လာရခြင်းဖြစ်ပါသည်။ ရွာကိုအခြေပြုပြီးပြုလုပ်နိုင်သော သဘာဝပတ်ဝန်းကျင်ရေရှည်ထိန်းသိမ်းနိုင်ပြီး မျိုးဆက်များကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် လုပ်ငန်းရပ်များကို စဉ်းစားကြံဆနိုင်ခြင်းမရှိသေးပဲ လာမည့်စိန်ခေါ်ချက်ဖြစ်သော သားသမီးတို့ကို မြေယာမခွဲဝေ

ပေးနိုင်ခြင်းအပေါ် တတ်အားသမျှ ကျောင်းပညာ(အခြေခံအထက်တန်းနှင့် တက္ကသိုလ်ပညာ) ကို ရရှိစေရန် မိဘများက ကြိုးပမ်းအားထုတ်နေကြပါသည်။ သို့သော် ယေဘူယျအားဖြင့် အများနှင့်ဆိုင်သော စိန်ခေါ်ချက်ကို တစ်မိသားစုချင်းက ရင်ဆိုင်ဖြေရှင်းနေကြပြီး အများစုပေါင်း ရင်ဆိုင်ဖြေရှင်းသည့် စနစ်တစ်ရပ် ပေါ်ထွက်မလာခြင်းသည် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု အားနည်းချက်ကို ဖော်ပြနေပါသည်။ လူကြီးလူငယ်တွဲဖက်ပြီး လူငယ်တို့လိုအပ်ချက်နှင့် ဖွံ့ဖြိုးရေး အလားအလာများစသည်ကို ဝိုင်းဝန်းဖော်ထုတ်ဆွေးနွေးဖြေရှင်းသည့် အလေ့အထနည်းပါးနေပါသေးသည်။.

မြေယာအကန့်အသတ်ရှိလာခြင်းသည် စိုက်ပျိုးရေးတွင်သာမက မွေးမြူရေးကိုလည်း သက်ရောက်စေသော ကိစ္စရပ်ဖြစ်ပါသည်။ စားကျက်မြေမရှိတော့သောကြောင့် ကျွဲ၊ နွားများကို လွှတ်ကျောင်းနိုင်ခြင်းမရှိတော့ချေ။ အလားတူရရာမြေကွက်လပ်တွင် ဝင်ငွေရသီးနှံ တစ်မျိုးတည်း (ပြောင်း) ကိုသာ အားထားစိုက်ပျိုးနေခြင်းက တစ်မျိုးတည်းသီးနှံကို စိုက်ပျိုးရန်အားပေး သကဲ့သို့ ဖြစ်နေပြီး နောင်ချိုတစ်မြို့နယ်လုံး စီပီပြောင်းကိုသာ စိုက်ပျိုးကြခြင်းသည် ရေရှည်တွင် မြေဆီဩဇာ ယိုယွင်းခြင်းနှင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများရင်ဆိုင်ရဖွယ်ရှိပါသည်။ အလားတူ စီပီပြောင်းစိုက်ပျိုးရာတွင် တရုတ်ဈေးကွက်နှင့် တရုတ်ကိုယ်စားလှယ် သီးနှံပွဲစားတို့ကိုသာ သွင်းအားစုမှစကာ ဈေးနှုန်းအထိ အားလုံးမှီခိုနေရခြင်းသည် အားနည်းချက်တစ်ရပ်ဖြစ်ပါသည်။ ဈေးကွက်မှာအပြိုင်ဈေးကွက်မရှိတော့ပဲ ရေရှည်တွင် စိုက်ပျိုးထုတ်လုပ်သူက များခြင်းကြောင့် ဝယ်လိုအားကျသွားနိုင်ကာ ဈေးကွက်ထိန်းချုပ်မှုမှာ ယခုကပင်စိုက်ပျိုးသူ လက်ထဲမရှိတော့ပါ။ တရုတ်စာ၊ ထိုင်းစာတို့ဖြင့်ရေးထားသော ဈေးကွက်တွင် ပေါများစွာရရှိနိုင်သော ဓါတ်မြေဩဇာများ သုံးစွဲရခြင်းကာ စာကိုနားမလည်၍ အချိုးအဆမှားခြင်း၊ ဓါတုဆေးများကို တိုက်ရိုက်ကိုင်တွယ် အသုံးပြုခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြင်းနှင့် အစားအစာမှဖြစ်သော အကျိုးဆက်များကို နှစ်အနည်းငယ်အတွင်း သိသာမှုမရှိခြင်းတို့က ကျေးရွာအတွက် ကြီးမားသော စိန်ခေါ်ချက် တစ်ရပ်ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော (သို့မဟုတ်) အခြားအသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ဖွံ့ဖြိုးမှုတွင်လည်း လက်ရှိတွင် လွန်းကျော်အပိုင်းမှ ထုံးဖုတ်လုပ်ငန်းတစ်ရပ်သာရှိကာ ယင်းလုပ်ငန်းသည်လည်း သဘာဝအရင်းအမြစ် ထုတ်ယူသုံးစွဲမှုများကြောင့် ရေရှည်မတည်တံ့နိုင်ချေ။ ယခုပင် ကျေးရွာသည် လာမည့်နှစ်အနည်းငယ်အတွင်း လုပ်သားမိသားစုတို့အား လုပ်ငန်းပြောင်းရန် နှိုးဆော်ထားပြီး မည်သည့်လုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်ရမည်ကိုမှု မကြံဆနိုင်သေးချေ။

ပညာရေးတွင်လည်း မူလတန်းပညာပြီးမြောက်ပါက ၃မိုင်ကွာဝေးသော ဘန့်ဘွေးသို့ သွားရောက်ပြီး အလယ်တန်းနှင့်အထက်တန်း အခြေခံပညာများကို သင်ယူနိုင်ကြသော်လည်း ပညာရေးစရိတ်မြင့်လာခြင်းကြောင့် မိဘများအခက်အခဲတွေ့ကြရပါသည်။ ကျောင်းအိပ်ကျောင်းစား ထားရခြင်းနှင့်အခြားဆက်နွယ်စရိတ်များမှာ မြင့်မားလာပြီး ဆင်းရဲနှင့်အလွန်ဆင်းရဲမိသားစုများမှာ အခြေခံအလယ်တန်းနှင့် အထက်တန်းပညားများကိုပင် လက်လှမ်းမမီတော့ချေ။

ကျန်းမာရေးကဏ္ဍတွင်မူ ဆေးပေးခန်းတစ်ခု တည်ဆောက်ပြီးဖြစ်ကာ သားဖွားဆရာမ တစ်ဦးရှိနေသော်လည်း ဆေးပေးခန်းဖွင့်လှစ်နိုင်မှုမရှိသေးပါ။ အမျိုးသမီးကျန်းမာရေးနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုတွင် အားနည်းပြီး အထူးသဖြင့် အရေးပေါ်ကိစ္စရပ်များအတွက် သယ်ယူပို့ဆောင်ပေးနိုင်မည့် အစီအစဉ်မရှိသေးပါချေ။ အလားတူ မိုးဦးနှောက်ကျခြင်းကို ကြုံတွေ့နေရပြီး ရာသီဥတုပြောင်းလဲခြင်းကို လိုက်လျောညီထွေလုပ်ဆောင်နိုင်မည့် အစီအစဉ်တစ်ရပ်ရပ် သို့မဟုတ် သဘာဝဘေးကာကွယ်ရေး ကျေးရွာအခြေပြုအစီအစဉ် တစ်ရပ်ရပ်လည်းမရှိသေးပါ။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ

ကျွန်ုပ်တို့ ကြိမ်ဂနိုင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကော်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်-

(၁) ရွာလူထုသည် စိုက်ပျိုးရေးထုတ်ကုန် တိုးမြှင့်ထုတ်လုပ်ခြင်း၊ တန်ဖိုးထပ်ပေါင်းနှင့် သိုလှောင်ခြင်း နည်းပညာတို့ရရှိကာ ဈေးကွက်လက်လှမ်းမီခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍပိုမိုဖွံ့ဖြိုး လာရေး၊

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြှင့်လာစေရေး၊

(၃) ရှိပြီးဖြစ်သော လုပ်သားအင်အားများအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးပြီး ပြောင်းလဲလာသောခေတ်နှင့်အညီ လိုအပ်သောကျွမ်းကျင်မှုအသစ်များ ဖြည့်ဆည်းနိုင်ရေး။

### (ခ) နည်းဗျူဟာ

လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကိုကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

ကျေးရွာအတွင်း ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေး၊ ဖွဲ့စည်းထားရှိပြီးဖြစ်သော ကျေးရွာဖွံ့ဖြိုးမှုကော်မတီတို့က သက်ဆိုင်ရာဌာနများဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီအနေဖြင့် ကျေးရွာအတွင်းရှိ သက်ဆိုင်ရာ ကျေးရွာအခြေပြုအဖွဲ့အစည်းများဖြင့် တွဲဖက်ကာ သင့်လျော်သည့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပါဝင်နိုင်မည့်အချိန်များကို ဖော်ထုတ်သတ်မှတ်ကာ ဖွံ့ဖြိုးရေးစီမံကိန်းများကိုရေးဆွဲခြင်း၊ ကြီးကြပ်အကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုသို့ စီမံကိန်းအကောင်ထည်ဖော်မှုအခြေအနေများကို စာရင်းဇယားနှင့်တကွတင်ပြခြင်း၊ အမေးအဖြေပြုခြင်းများဖြင့် ဆက်လက်တိုးတက်လုပ်ကိုင်မည်ဖြစ်သည်။

သက်ဆိုင်ရာ ဦးစားပေးကဏ္ဍများဖြစ်သော စီမံအုပ်ချုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အသက်မွေးဝမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ငွေကြေးဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လူငယ်၊ ယဉ်ကျေးမှုနှင့် အမျိုးသမီးကဏ္ဍ စသည်တို့ကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာများရရှိလက်လှမ်းမီရန်နှင့် အထောက်အပံ့များရရှိစေရန် သက်ဆိုင်ရာဌာနများ၏ ချိတ်ဆက်ပံ့ပိုးပေးမှုများ အလွန်လိုအပ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နောင်ချိုမြို့နယ်ဌာနများ၊ အထက်ခရိုင်၊ ပြည်နယ်နှင့် တိုင်း၊ ပြည်ထောင်စုအဆင့် မူဝါဒများဖြင့် ချိတ်ဆက်မိမိ ဟန်ချက်ညီညီအကောင်ထည်ဖော်နိုင်ရန် လိုအပ်ပါသည်။

(၁) စီမံအုပ်ချုပ်မှုကဏ္ဍတွင် အုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ခြင်းအားဖြင့် ကျေးရွာအတွင်း စီမံအုပ်ချုပ်မှုနှင့် ပတ်သက်သော လုပ်ငန်းများကို ပိုမိုစနစ်တကျ ကောင်းမွန်အောင် လည်ပတ်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ မှတ်တမ်းမှတ်ရာများကို စနစ်တကျ ထိန်းသိမ်းထားနိုင်ခြင်းအားဖြင့် ကျေးရွာ၏ အခြေခံစာရင်းများ မှန်ကန်ခိုင်မာအောင် ထောက်ကူပေးနိုင်မည်ဖြစ်ပါသည်။

(၂) စိုက်ပျိုးရေးထုတ်ကုန် မြင့်မားလာစေရန်အတွက် သီးနှံထွက်နှုန်းမြင့်တင်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်လာစေမည်ဖြစ်ပါသည်။ ရှိပြီးအလေ့အထကောင်းများဖြစ်သော သီးညှပ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးလာစေနိုင်သလို မြေဆီအရည်အသွေးကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းဖြစ်ခြင်းကြောင့် လက်ရှိကြုံတွေ့နေရသော မြေယာအကန့်အသတ်များကို ပိုမိုဖြေရှင်းနိုင်စေရန် သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်ကြိုးစားကြရမည်ဖြစ်ပါသည်။ မိုးကောင်းသောက်ယာမြေများအပြင် ရှိပြီးဖြစ်သောရေခြံများ အပါအဝင် စိုက်ပျိုးရေးသွင်းအားစုများအတွက် ပြင်ပကိုလုံးဝမှီခိုအားထားနေရသော အနေအထားမှ ဒေသမျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာရေး၊ ဖြန့်ဖြူးနိုင်ရေးတို့အတွက် တောင်သူအစုအဖွဲ့ဖွဲ့ပြီး စမ်းသပ်ကွက်များ ဖော်ထုတ်ရာတွင်လည်း သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်ပြီး နည်းပညာ၊ ငွေကြေးအထောက်အပံ့ စသည်တို့ရရှိအောင် ဆောင်ရွက်ခြင်းအားဖြင့် ဒေသလူမှုစီးပွား အားကောင်းလာစေရန် စိုက်ပျိုးရေးကဏ္ဍမှ တစ်တပ်

တစ်အားထောက်ကူပေးနိုင်သကဲ့သို့ ကျေးရွာအတွက်လည်း လူမှုစီးပွား အခြေခံကောင်းများ ဖြစ်ထွန်းလာနိုင်ပါသည်။

(၃) စျေးကွက်လက်လှမ်းမီမှုကို ပိုမိုမြင့်တင်ခြင်းနှင့် ငွေကြေးအရင်းအနှီး (သို့မဟုတ်) ချေးငွေလက်လှမ်းမီစေရန် ကြိုးပမ်းအားထုတ်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ သီးနှံပေါက်စျေး မတည်ငြိမ်မှုကို စျေးကွက်လက်လှမ်းမီခြင်း၊ သိုလှောင်မှုနည်းပညာ၊ ငွေကြေးအထောက်အပံ့တို့ဖြင့် ဖြေရှင်းနိုင်လျှင် တောင်သူများ စျေးကောင်းရလာနိုင်ပြီး တောင်သူဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော စာရင်းငှား၊ သွင်းအားစုဝန်ဆောင်မှု စျေးကွက်၊ သီးနှံထုတ်ကုန်စျေးကွက်တို့ကို ထောက်ပံ့ပေးနိုင်မည်ဖြစ်သကဲ့သို့ ကျေးရွာ၏လူမှုစီးပွားဘဝ ခိုင်မာအားကောင်းလာစေမည်ဖြစ်ပါသည်။

(၄) မွေးမြူရေးကဏ္ဍအတွက် စိန်ခေါ်ချက်ကြီးမားသော်လည်း အလားအလာကောင်း များလည်းရှိပါသည်။ ကျေးရွာအတွင်းတွင် ယခုအခါ ကြက်ခြံတစ်ခြံမွေးမြူလျှက်ရှိပြီး ကျန်ရှိသော ကျွဲ၊ နွားကောင်ရေများအတွက်လည်း တိရစ္ဆာန်အစားအစာ နှင့် ချေးငွေရရှိရေး လုပ်ဆောင်ကြလျှင် ပြန်လည်ဦးမော့လာနိုင်စရာရှိပါသည်။ တိရစ္ဆာန်အညစ်အကြေးများသည် သဘာဝမြေသြဇာများ ဖြစ်ကြသဖြင့် ယင်းလုပ်ငန်း ဦးမော့လာပါက ဓာတ်မြေသြဇာသုံးစွဲမှုကို အတိုင်းအတာတစ်ရပ်အထိ လျော့ချလာနိုင်ဖွယ်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အထောက်အကူဖြစ်စေနိုင် ပါသည်။

(၅) လွန်းကျော်အပိုင်းရှိ ထုံးဖုတ်လုပ်ငန်းအတွက်မှု လောင်စာရှားပါးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်စိန်ခေါ်ချက်များဖြင့် ကြုံတွေ့နေရခြင်းကြောင့် ကျေးရွာအနေဖြင့် အသက်မွေးဝမ်းကြောင်း ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်ကြောင်းနားလည်ထားကြပါသည်။ အိမ်ထောင်စု (၁၁၃) စုရှိသော လွန်းကျော်အပိုင်းတွင် ကျေးရွာအမည်ပေါက်ရရှိနိုင်ရေး အရေးကြီးပြီး ရရှိပါက အုပ်စုအတွင်း ရွာခွဲတစ်ခုဖြစ်လာမည်ဖြစ်ကာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် လုပ်သားအင်အား တစ်ရပ်ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ ထို့အတူ အသေးစားစီးပွားရေးလုပ်ငန်းများကို ဖန်တီးပေးနိုင်ပါက ကျေးရွာတစ်ခုလုံး အသက်မွေးဝမ်းကျောင်း အခြေမပျက်ပဲ လုပ်ငန်းပြောင်းလဲကာ ဒေသလူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ပါသည်။

(၆) မြေယာမဲ့အိမ်ထောင်စုများအတွက် အလုပ်အကိုင်ဖန်တီးပေးခြင်း၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းစွမ်းရည်မြင့်မားစေခြင်း၊ အသေးစားစီးပွားရေး စီမံခန့်ခွဲမှုစွမ်းရည်နှင့် လုပ်ငန်းရှင်ပညာဖွံ့ဖြိုးရေး၊ ဒေသနှင့်အနီး ပတ်ဝန်းကျင်စျေးကွက်တို့အတွက် ကျေးလက်အသေးစားလုပ်ငန်းမှ ထုတ်ကုန်တိုးတက်စေခြင်းတို့ဖြင့် မိသားစုဝင်ငွေ တိုးမြှင့်စေပါမည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) စိုက်ပျိုးရေး၊ မြေစာရင်းနှင့် သစ်တောဦးစီးဌာနများ

ကြိမ်ဂနိုင်-လွန်းကျော်၏ဖွံ့ဖြိုးရေးစိန်ခေါ်ချက်သည် ယာမြေအကန့်အသတ်ရှိနေခြင်း ဖြစ်ရာ သက်ဆိုင်ရာဌာနများ အထူးသဖြင့် မြေစာရင်းနှင့် သစ်တောဦးစီးဌာနတို့က ကျေးရွာလူထုကို သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများကို ချပြရှင်းလင်းပြီး မြေယာအကန့်အသတ်အနေအထားကို နားလည်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးဌာနအနေဖြင့်မူ တောင်သူစမ်းသပ်ကွက်များအတွက် နည်းပညာပံ့ပိုးချိတ်ဆက်ပေးပါက တောင်သူများပို၍ အကျိုးများနိုင်ပါသည်။ ရာသီဥတုအနေဖြင့် မိုးခေါင်ခြင်းကို ပိုမိုကြုံတွေ့လာနေရခြင်းအား ဖြေရှင်းနိုင်ရန် အသိပညာများ ရာသီဥတုဒဏ်ခံမျိုးများ အစရှိသဖြင့်လည်းကောင်း သီးနှံသိုလှောင်နည်းပညာများကိုလည်းကောင်း ပေါင်းစပ်ပံ့ပိုးပေးနိုင်ရန်လိုအပ်မည်ဖြစ်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် ပြုပြင်ပြောင်းလဲဖွဲ့စည်းသင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

## (ဃ) အလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကြိမ်ဂနိုင်-လွန်းကျော်တွင် အထူးသဖြင့် လွန်းကျော်အပိုင်းတွင် မူလထုံးဖုတ်လုပ်ငန်း လုပ်ကိုင်နေကြပြီး လောင်စာရှားပါးလာမှုသည် အဓိကစိန်ခေါ်ချက်ဖြစ်လာခြင်းကြောင့် ဆက်စပ်မိသားစုအားလုံး အသက်မွေးဝမ်းကြောင်းလုပ်ငန်းကို မကြာမီပြောင်းလဲရန် လိုအပ်ချိန် ဖြစ်ပါသည်။ အသေးစားစက်မှုလုပ်ငန်းများကို ဒေသတွင်းလိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ချိတ်ဆက်ကာ ထောက်ပံ့ပေးပါက လူမှုစီးပွားဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင်မူ ကျေးရွာအနေဖြင့် ယင်းအထောက်အပံ့များကို လက်လှမ်းမီနိုင်ခြင်း မရှိသေးပါချေ။ အမျိုးသမီး အနည်းငယ်ကမူ စက်ချုပ်လုပ်ငန်းကို စိတ်ပါဝင်စားမှုရှိကြပြီး အခြားသီးနှံထုတ်လုပ်မှုနှင့် ဆက်စပ်သော တစ်နိုင်စက်မှုလုပ်ငန်းများ ဥပမာ- ပြောင်းနှင့် အာလူးကို အသင့်စားသုံးနိုင်သော ထုတ်ကုန်တစ်မျိုးမျိုးအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းမျိုး ဖြစ်ပါသည်။ ယင်းက တန်ဖိုးပြောင်းလဲမှုကို ဖော်ဆောင်ပေးနိုင်သည် ဖြစ်သောကြောင့် ဒေသလူမှုစီးပွားဈေးကွက်တစ်ခု ပေါ်ထွန်းလာစေနိုင်ပါသည်။

ယင်းကို မူဝါဒအထောက်အပံ့အဖြစ် သက်ဆိုင်ရာအထက်အဆင့်များက ချိတ်ဆက်ကူညီနိုင်ရန်အရေးကြီးပါသည်။ အသေးစားချေးငွေလုပ်ငန်းကို ဆောင်ရွက်ရာတွင် အဓိကဖော်ထုတ်သော စိန်ခေါ်ချက်မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ရှားပါးခြင်းဖြစ်ပါသည်။ ဝင်ငွေရလုပ်ငန်းမရှိပဲ မည်သည့်အစီအစဉ်ဖြင့် ငွေချေးသည်ဖြစ်စေ အလုပ်မလုပ်နိုင်ခြင်းကြောင့် ဝင်ငွေမရတော့ဘဲ ပြန်မဆပ်နိုင်လျှင် တိုးရင်းပေါင်းဆင့်ကာ အခြေအနေပိုမိုဆိုးရွား သွားစေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ချေးငွေအစီအစဉ်များကို အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းဖန်တီးခြင်းဖြင့် ချိတ်ဆက်အကောင်ထည်ဖော်ရန် လိုပါသည်။ ထို့ပြင် အသက်မွေးဝမ်းကြောင့်အခွင့်အလမ်း ဖန်တီးခြင်းသည် ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များ အလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။

## (င) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်းအသေးစား လုပ်ငန်းများအတွက် ချေးငွေများ၊ ငွေကြေးဝန်ဆောင်မှုရရှိရန် ပိုမိုကောင်းမွန်သော ဘဏ်လုပ်ငန်းများ လိုအပ်ပါသည်။ ငွေချေးယူမည့် ကျေးရွာသားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ငွေချေးလိုသူဘက်မှ ဘဏ်သို့ အဆိုပြုလွှာတင်နိုင်ရန်အတွက် အထောက်အထား မှတ်တမ်းမှတ်ရာများ ပြုစုထားရှိရန်နှင့် ကျေးရွာအခြေပြု ငွေစုငွေချေးလုပ်ငန်းကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ထားရပါမည်။ သို့မှသာ ငွေကြေးဝန်ဆောင်မှုပေးသော ဘဏ်များနှင့် ချိတ်ဆက်မိပြီး ကျေးရွာငွေစုငွေချေးလုပ်ငန်းအတွက် ရင်းနှီးမြုပ်နှံငွေ ပိုအားကောင်းလာမည်ဖြစ်သည်။

## (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာ များအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါမည်။

## (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

## (ဂ) ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**(ဃ) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်-

(၁) ငွေကြေးရင်းနှီးမြှုပ်နှံမှုများ (Capital Investment) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသောရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့။

**(င) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ/လုပ်ငန်း<br>ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ***စီမံခန့်ခွဲမှုကဏ္ဍ*** | | | | |
| ကျေးရွာတွင်စီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေး | ၁။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း | ၉ | ၁ | ကြိမ်ဂနိုင်-လွန်းကျော်အုပ်စုက အုပ်စုအုပ်ချုပ်ရေးမှူးရုံးမရှိသေး သောကြောင့် ကျေးရွာတစ်အုပ်စုလုံး၏ မှတ်တမ်းမှတ်ရာများ ထိန်းသိမ်းထားသိုရန်၊ ရပ်ရွာအစည်းအဝေးများ ကျင်းပနိုင်ရန် နှင့် အခြားစီမံအုပ်ချုပ်မှုကိစ္စရပ်များအတွက် တည်ဆောက်လို ခြင်းဖြစ်ပါသည်။ မြေနေရာလျာထားးဂယ်ယူနိုင်ရေး ငွေကြေးစုဆောင်းကောက်ခံမှုကို စတင်လုပ်ဆောင်သည် နှင့်တစ်ပြိုင်နက် မြို့နယ်အုပ်ချုပ်ရေးပိုင်းသို့ တင်ပြခွင့်ပြုချက် တောင်းခံခြင်းကိုပါ တစ်ပါတည်း လုပ်ဆောင်မည်ဖြစ်ပါသည်။ ၀၂၀×၀၃၀×၁၅၀ တိုက်ခံတစ်ထပ် ကနဦးအဖြစ် ဆောက်လုပ်ရန်ဖြစ်ပါသည်။ |
| | ၂။ကျေးရွာဖွံ့ဖြိုးမှုကော်မတီ၏ စွမ်းဆောင်ရည် တည်ဆောက်မြှင့်တင်ခြင်း | ၈ | ၂ | ကျေးရွာခွဲများ၏ ဖွံ့ဖြိုးရေးစီမံကိန်းများကို ရွာသူရွာသားများဖြင့် ပူးပေါင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းများကို ကြီးကြပ်စစ်ဆေးခြင်း အခြားဖွဲ့ထောက်ကော်မတီအဆင့်အသီးသီးသို့ ချိတ်ဆက်လုပ်ဆောင်နိုင်စေရန် စီမံချက်စက်ဝန်းစီမံခန့်ခွဲမှုသင်တန်း၊ ငွေကြေးထိန်းသိမ်းမှု၊ စာရင်းအင်းနှင့် တာဝန်ခံယူမှု သင်တန်း၊ လူမှုစာရင်းစစ်ခြင်းဆိုင်ရာသင်တန်း စသည်တို့ကို သက်ဆိုင်ရာမြို့နယ်ဌာနများဖြင့် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်သည်။ |
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | |
| | ၃။မြေယာသန့်ခေါင်စာရင်း မှတ်ပုံတင်နိုင်မည့် အနေအထားကို သက်ဆိုင်ရာဌာနများသို့ ချိတ်ဆက်တင်ပြခြင်း | ၇ | ၃ | မြေယာသန့်ခေါင်စာရင်း မှတ်ပုံတင်ခြင်းကို စုပေါင်းလုပ်ဆောင်ခြင်းနှင့် မြေယာပိုမိုရရှိနိုင်ရေး သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်တင်ပြခြင်း |

| ကဏ္ဍ/လုပ်ငန်း<br>ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | ၄။-တောင်သူ သင်တန်းကျောင်း တည်ထောင်ခြင်းနှင့် တိုးချဲ့ပညာပေးစာအုပ်စာတမ်းများ စုဆောင်းပြီး စာကြည့်တိုက်တွင်ထားရှိရေး၊<br>-တောင်သူငယ် အစုအဖွဲ့ဖွဲ့ခြင်း ဈေးကွက်ဆိုင်ရာ အသိပညာများ ရရှိနိုင်ရေး၊ ဈေးငွေလက်လှမ်းမီ နိုင်ရေး သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်လေ့လာသင်ယူခြင်း။ | ၆ | ၄ | တောင်သူများ အချင်းချင်းကြား စိုက်ပျိုးရေးနည်းပညာ ဖလှယ်မှု တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ အသုံးချနိုင်ရန်နှင့် ဝင်ငွေတိုးနိုင်စေ ရန်ရည်ရွယ်ပြီး တောင်သူအစုအဖွဲ့ဖွဲ့ကာ စမ်းသပ်ကွက်ဖြင့် နည်းပညာများ မျှဝေရယူနိုင် မည်ဖြစ်ပါသည်။ |
| | ၅။သီးနှံသိုလှောင်ရုံတည်ဆောက်ခြင်း | ၅ | ၅ | သီးနှံသိုလှောင်မှုသည် ဈေးကိုထိန်းနိုင်မှုနှင့် တိုက်ရိုက်ချိတ်ဆက်နေပြီး ရပ်ရွာက အချိန်အတိုင်းအတာတစ်ခုထိ သိုလှောင်ထားနိုင်လျှင် ဈေးနှုန်းကို လိုက်လံညှိနှိုင်းနိုင်ခွင့်ပိုမိုလာပြီး စိုက်ပျိုးရေးမှရသော ဝင်ငွေတိုးလာမည့်အပြင် ဆက်စပ်အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းများကဏ္ဍ** | | | | |
| သင်တန်း | ၆။ကျေးလက်မှပို့ချသော အသက်မွေးဝမ်းကျောင်းသင်တန်းသို့ ရွေးချယ်စေလွှတ်ခြင်း | ၄ | ၆ | လယ်ယာမြေ အကန့်အသတ်ရှိလာပြီး နောက်မျိုးဆက်များကို မြေယာအမွေမပေးနိုင်တော့သည်နှင့်အမျှ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းများကို ပိုမိုဖော်ထုတ်လုပ်ကိုင်ရန် လိုအပ်လာပါသည်။ ထို့ကြောင့် စက်ချုပ်လုပ်ငန်း၊ စက်မှု၊ လယ်ယာနှင့်ဆက်စပ် စက်ပြင်ခြင်းကဲ့သို့သော် လုပ်ငန်းများ ပေါ်ပေါက်လာသည်နှင့်အမျှ ကျွမ်းကျင်မှုအသစ်များလည်း လိုအပ်လာပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက လက်ရှိတွင်လည်း စက်ချုပ် သင်တန်း၊ စက်ပြင်သင်တန်းများအပြင် ကျေးလက်လူငယ်များ |

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | ရွေးချယ်ကာ သင်တန်းများပို့ချပေးနေခြင်းကြောင့် ထိုဌာနဖြင့်ဆက်စပ်ကာ သင်တန်းများရယူ ခြင်းအားဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပိုမိုတိုးတက်လာနိုင်ပါသည်။ |
| **ကျန်းမာရေးကဏ္ဍ** | | | | |
| | ၇။-ဆေးပေးခန်းအတွင်း မွေးခန်းကန့်ခြင်း၊ -သားဖွားဆရာမ၏အရည်အသွေးမြှင့်တင်ခြင်း။ | ၃ | ၇ | ရွာအတွင်း သဘာဝဓါတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းသွားသည့်အတွက် တရုတ်ကုမ္ပဏီက ဆေးပေးခန်းတစ်ခုကို တည်ဆောက်ပေးထားပြီး ဖြစ်သော်လည်း သားဖွားခန်းမ ပါဝင်သေးသည့်အပြင် ဆေးခန်းလည်း ဖွင့်လှစ်လွှဲပြောင်းခြင်း မပြုရသေးသောကြောင့် သားဖွားခန်းကန့်ပြီး ထည့်သွင်းခြင်းအားဖြင့် သားဖွားမိခင်စောင့်ရှောက်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ထို့ပြင် သားဖွားဆရာမတစ်ဦးရှိပြီး ဖြစ်သောကြောင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ဆိုင်ရာအရည်အသွေးမြှင့်တင်ပေးခြင်းအားဖြင့် ကျေးရွာကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်လာပါမည်။ |
| **ပညာရေးကဏ္ဍ** | | | | |
| | ၈။အလယ်တန်းကျောင်း လျှောက်ထားခြင်း | ၂ | ၈ | မူလယ်တန်းလွန်ကျောင်းရှိပြီးဖြစ်ခြင်း၊ ဆရာ၊ ဆရာမ အင်အားအလုံအလောက်ရှိခြင်း၊ နိပွန်ဖောင်ဒေးရှင်မှ ကျောင်းဆောင်အသစ်ခု တည်ဆောက် လှူဒါန်းပေးထားခြင်း ကျောင်းသုံးပစ္စည်း အစုံအလင်ရှိပြီးဖြစ်ခြင်း အလယ်တန်းကျောင်းရပါက အုပ်စုအတွင်း ရွာခွဲများက လာရောက်တက်ရောက်နိုင်ခြင်း |

| ကဏ္ဍ/လုပ်ငန်း<br>ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| **အခြေခံအဆောက်အဦကဏ္ဍ** | | | | |
| | ၉။ ရွာလယ်ဓမ္မာရုံတည်ဆောက်ခြင်း | ၁ | ၉ | ကျေးရွာအုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ပြီးပါက ရုံးပိုင်းဆိုင်ရာ လုပ်ငန်းများအတွက် ကောင်းမွန်စွာ လည်ပတ်လုပ်ဆောင်နိုင်မည် ဖြစ်သော်လည်း ကျေးရွာအခြေပြုအဖွဲ့အစည်းများအတွက် စည်းဝေးလုပ်ဆောင်နိုင်ရန်နှင့် စီမံအုပ်ချုပ်ရေးကဏ္ဍ ပိုမိုကောင်းမွန်ပွင့်လင်း တာဝန်ခံယူနိုင်မှုကို မြှင့်တင်ပေးနိုင်ရန် ရွာလယ်ဓမ္မာရုံတည်ဆောက်မည်ဖြစ်ပါသည်။ ယင်းကို ဘက်စုံသုံး အဆောက်အဦအဖြစ် ကျေးရွာမှ စီမံထိန်းသိမ်းထားရှိရမည်ဖြစ်ပါသည်။ |
| **ငွေကြေးကဏ္ဍ** | | | | |
| | ၁၀။ ချေးငွေစီမံကိန်း | | | ကျေးရွာစိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းများ အပြင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက်ပါ ငွေကြေးအရင်းအနှီးသည် အရေးပါသော ဖက်တာတစ်ရပ်အဖြစ် ဖော်ထုတ်ကြပါသည်။ ထို့ကြောင့် အရင်းအနှီးတစ်ရပ်ကို လက်လှမ်းမှီရယူနိုင်ပါ ကျေးရွာအသက်မွေးဝမ်းကျောင်း ဆက်စပ်လူမှုစီးပွားလုပ်ငန်းများ တိုးတက်လာမည်ဖြစ်သောကြောင့် ပက်မြန်မာချေးငွေလုပ်ငန်း၏နမူနာကိုရယူပြီး ကျေးလက်ဦးစီးဌာန၊ သမဦးစီးဌာနစသည်တို့နှင့် ချိတ်ဆက်ပြီး ကျေးရွာလည်ပတ်ရန်ပုံငွေတစ်ရပ်ထူထောင်ခြင်းအားဖြင့် ချေးငွေလက်လှမ်းမီခြင်းကို တိုးတက်လာစေမည်ဖြစ်ပါသည်။ |

| ကဏ္ဍ/လုပ်ငန်း<br>ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| **လူငယ်နှင့်ယဉ်ကျေးမှုကဏ္ဍ** | | | | |
| | ၁၁။-လူငယ်အသိပညာပေး သင်တန်းများ ဖွင့်လှစ်ခြင်း (သို့) စေလွှတ်ခြင်း၊<br>-ယဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိအမြင် မြှင့်တင်ရေး သင်တန်း။ | | | လူငယ်များဘာသာ၊စာပေ၊ယဉ် ကျေးမှု အသိအမြင်များ ပိုမိုကြွယ်ဝလာစေမည့် ဟောပြောပွဲများ၊ သင်တန်းများ ကျင်းပမည်ဖြစ်ပါသည်။ ကနဦးအစနေဖြင့် ထိခိုက်မှုများ ပိုမိုဖြစ်ပွားလာနေသည့် ဆိုင်ကယ်ပြစ်မှုများကြောင့် လူငယ်များအတွက် ယဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောပွဲတစ်ရပ် ကျင်းပခြင်းအားဖြင့် လူငယ်များပိုမို အန္တရာယ်ကင်း လွတ်လပ်စေမည်ဖြစ်ပါသည်။ |

### (ဃ) အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံချက်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံကိန်း | ဦးစားပေး အဆင့် | ကာလ | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | |
| ၁။ | -အုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ခြင်း၊<br>-ကျေးရွာဖွံ့ဖြိုးရေးကော်မတီအတွက်စွမ်းဆောင်ရည်မြှင့်တင်ခြင်း။ | ၁ | √ | √ | √ | | | |
| ၂။ | တောင်သူများ မြေပိုင်ခွင့်ရရှိရေးစီမံကိန်း | ၂ | √ | | | | | |
| ၃။ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့် လှစ်ခြင်း | ၃ | √ | | | | | |
| ၄။ | သားဖွားခန်း အခန်းကန့်ခြင်း | ၄ | √ | | | | | |
| ၅။ | အလယ်တန်းကျောင်း အဆင့်လျှောက်ထား ခြင်း | ၅ | √ | | | | | |
| ၆။ | တောင်သူသင်တန်းကျောင်း | ၆ | √ | √ | √ | √ | √ | |
| ၇။ | ဓမ္မာရုံတည်ဆောက်ခြင်း | ၇ | | | | √ | √ | |
| ၈။ | လူငယ်အသိပညာပေးသင်တန်း | ၈ | √ | √ | √ | √ | √ | |
| ၉။ | ချေးငွေစီမံကိန်း | ၉ | √ | | | | | |

### (ၐ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထား ပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက် မည့်ပုံစံနှင့် အစီအစဉ်၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦးကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊

ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များ အပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန်ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါ သည်။ ယင်းသို့ ဆောင်ရွက် နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှု များကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရံပုံငွေ (ကျပ်) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှု အထောက်အပံ့ |
| | | | | ငွေလုံး ငွေ ရင်း | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | -အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း၊<br>-ကျေးရွာဖွံ့ဖြိုးရေးကော်မတီအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း။ | | | | | |
| ၂။ | တောင်သူများမြေပိုင်ခွင့်ရရှိရေးစီမံကိန်း။ | | | | | |
| ၃။ | အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ခြင်း။ | | | | | |
| ၄။ | သားဖွားခန်း အခန်းကန့်ခြင်း။ | | | | | |
| ၅။ | အလယ်တန်းကျောင်းအဆင့်လျှောက်ထားခြင်း။ | | | | | |
| ၆။ | တောင်သူသင်တန်းကျောင်း။ | | | | | |
| ၇။ | ဓမ္မာရုံတည်ဆောက်ခြင်း။ | | | | | |
| ၈။ | လူငယ်အသိပညာပေးသင်တန်း။ | | | | | |
| ၉။ | ချေးငွေစီမံကိန်း။ | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန် တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီ များရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်-

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏

တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူ ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော် သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress)နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့်

သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator)များ ဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံး ချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ။

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ (၂) မျက်နှာ၊ (၃) မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိက ထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီး နိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သောအခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် ကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ် အဖွဲ့အစည်းများ၊ ဌာနများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### (၁.၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာအချက်အလက်

### ဇယား(၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာအချက်အလက်

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | လူဦးရေစုစုပေါင်း၏ ရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင်အရ ပိုင်းခြားထားပုံ |
|---|---|---|---|---|---|
| (၁) နှစ်အောက် | ၁၁ | ၁၀ | ၂၁ | ၁.၆% | နို့စို့အရွယ် |
| (၅) နှစ်အောက် | ၅၀ | ၄၉ | ၉၉ | ၇.၅၂% | ၅ နှစ်အောက်ကလေးငယ် |
| (၅) နှစ်မှ (၉) နှစ်ကြား | ၅၇ | ၄၃ | ၁၀၀ | ၇.၅၉% | မူလတန်းအရွယ် |
| (၁၀-၁၄) နှစ်ကြား | ၈၄ | ၄၉ | ၁၃၃ | ၁၀.၁% | အလယ်တန်းအရွယ် |
| (၁၅) နှစ်မှ (၆၀)နှစ်ကြား | ၄၂၉ | ၄၆၄ | ၈၉၃ | ၆၇.၈၅% | အလုပ်လုပ်နိုင်သောအရွယ် |
| (၆၀) နှစ် နှင့်အထက် | ၂၉ | ၄၁ | ၇၀ | ၅.၃၁% | အသက်ကြီးရွယ်ကြီး |
| စုစုပေါင်း | ၆၆၀ | ၆၅၆ | ၁၃၁၁ | ၁၀၀% | |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆၊ ဇူလိုင်လ၊ ၂၀၁၅)

### လေ့လာတွေ့ရှိချက်

ကြိမ်ဂနိုင်-လွန်းကျော်သည် အုပ်စုကျေးရွာကြီးဖြစ်ပြီး မန္တလေး-လားရှိုး ကားလမ်းမကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် ကြိမ်ဂနိုင်ပိုင်းနှင့် လွန်းကျော်ပိုင်းဟု ၂ ပိုင်းခွဲတည်ရှိ ပါသည်။ လူဦးရေ စုစုပေါင်း (၁၃၁၁) ဦးရှိသည့် ရွာကြီးဖြစ်ပြီး ယေဘူယျအားဖြင့် ကျား၊ မ အချိုး ကွာခြားမှု ညီမျှသည်ဟု ဆိုနိုင်ပါသည်။ လုပ်သားအင်အား (၈၉၃) ဦး ရှိပြီး စုစုပေါင်းလူဦးရေ၏ (၆၈ %) ခန့်ကိုကိုယ်စားပြုပါသည်။ အသက်အုပ်စု (၅)နှစ်မှ (၉)နှစ်ကြားနှင့် (၁၀) နှစ်မှ (၁၄) နှစ်ကြားတွင် အမျိုးသားဦးရေက သိသာစွာ အချိုးအစားပိုမိုပြီး ကျန်အသက်အုပ်စုများတွင် ထိုမျှကွာခြားခြင်း မရှိပါ။ ကလေးငယ်များနှင့် ကျောင်းနေအရွယ် ကလေးငယ်များ အသက်အုပ်စုများတွင် မိန်းကလေး ဦးရေက အနည်းငယ်ပိုပြီး သက်ကြီးရွယ်အို အသက်အုပ်စုတွင်မှ အမျိုးသမီးဦးရေက သိသာစွာ ပိုပါသည်။

အိမ်ခြေ (၃၂၉) နှင့် မိသားစု (၃၆၈) စုရှိသောကြောင့် တစ်အိမ်ထောင်လျှင် ပျှမ်းမျှ (၄.၀၁) ဦးနေထိုင်ကြပါသည်။ အမျိုးသမီးဦးဆောင်အိမ်ထောင်စုပေါင်း (၄၅) စုရှိပြီး (၁၂.၂၂) ရာခိုင်နှုန်းခန့် ရှိနေသည်ကို တွေ့ရပါသည်။ အိမ်ခြေ( ၃၂၉) စုအနက် ဗမာ (၁၉၃) အိမ်၊ ရှမ်း (၁၁၃) အိမ်၊ ချင်း (၃၁) အိမ်၊ ဂေါ်ရခါး (၁၅) အိမ် နှင့် အစ္စလာမ်ဘာသာဝင် (၅) အိမ်တို့ နေထိုင်နေကြပါသည်။

(၁.၂) လုပ်သားအင်အား

ဇယား (၂) ကြိမ်ဂနိုင် လုပ်ငန်းအခြေပြဇယား

| လုပ်ငန်းကဏ္ဍများ | အဓိကလုပ်ငန်း | အခြားလုပ်ငန်း | အိမ်ထောင်စု | ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|
| **စိုက်ပျိုးရေးလုပ်ငန်း** | | | | | |
| (ကိုယ်ပိုင်လယ်လုပ်ငန်း) | တောင်သူ လယ်ပိုင် | | ၁၈၉ | ၅၇.၆၂ % | |
| (အငှား၊လုပ်သား) | တောင်သူလုပ်သား | | ၃၂ | ၉.၇၆% | |
| မိသားစုဝင်ကူညီလုပ်ကိုင်သူ | - | - | - | - | မရှိ |
| မွေးမြူရေးလုပ်ငန်း | - | - | - | - | မရှိ |
| ငါးလုပ်ငန်း | - | - | - | - | မရှိ |
| သတ္တုတွင်းနှင့်ကျောက်တူးလုပ်ငန်း | | | | | |
| ကိုယ်ပိုင် | ထုံးဖုတ်လုပ်ငန်း ၃၃ + ထုံးပွဲစား ၁ | | ၃၄ | ၁၀.၃၃% | |
| လုပ်သား | ဖြုံးကျောက်တူး ၁၀ + မီးဖိုထိုး ၂ | | ၁၂ | ၃.၆၄% | |
| မိသားစုဝင်ကူညီလုပ်ကိုင်သူ | - | - | - | - | မရှိ |
| ဆောက်လုပ်ရေးလုပ်ငန်း | | | | | |
| ကိုယ်ပိုင် | | | | | |
| ဝန်ထမ်း၊လုပ်သား | | ပန်းရံဆရာ ၂ နောက်လိုက် ၁၄ | | | |
| မိသားစုဝင်ကူညီလုပ်ကိုင်သူ | - | - | - | - | မရှိ |
| လက်လီလက်ကားအရောင်းအဝယ် | | | | | |
| (မော်တော်ဆိုင်ကယ်၊အိမ်စျေးဆိုင်၊ကုန်အရောင်းအဝယ်၊အိမ်သုံးပစ္စည်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများ) | | | | | |
| (ကိုယ်ပိုင်) | စတိုးဆိုင်ကြီး | | ၁ | ၀.၃% | |
| | ရောင်းဝယ် | | ၂ | ၀.၆၁% | |
| | စျေးရောင်း | ဇတ်မင်းသား (၁)၊ ဆိုင်းတီး (၁) | ၄ | ၁.၂၂% | |
| | စျေးဆိုင် | | ၄ | ၁.၂၂% | |
| လုပ်သား | - | - | - | - | မရှိ |
| မိသားစုဝင်ကူညီလုပ်ကိုင်သူ | - | - | - | - | |
| ပို့ဆောင်ရေး၊ ကုန်သိုလှောင်ရေးနှင့် ဆက်သွယ်ရေး လုပ်ငန်း | | | | | |
| ကိုယ်ပိုင် | - | - | - | မရှိ | |
| လုပ်သား | ကားမောင်း (အဝေးပြေး၊ ကုန်ကား) | - | ၂ | ၀.၆၁% | |
| | စက်မောင်း (ထော်လာဂျီ၊ ထွန်စက်) | - | ၂ | ၀.၆၁% | |

| လုပ်ငန်းကဏ္ဍများ | အဓိကလုပ်ငန်း | အခြားလုပ်ငန်း | အိမ်ထောင်စု | ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|
| အိမ်များတွင်အငှားလိုက်လုပ်သူကျပမ်းလုပ်သားများ | ကျဘမ်း | - | ၄၅ | ၁၃.၆၇ % | |
| ပင်စင်နာ | အငြိမ်းစားဝန်ထမ်း | - | ၂ | ၀.၆၁% | |
| စုစုပေါင်း | | ၁၈ | ၃၂၉ | ၁၀၀% | |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆၊ ဇူလိုင်လ၊ ၂၀၁၅)

**လေ့လာတွေ့ရှိချက်**

အိမ်ထောင်စုပေါင်း ၃၂၉ စုရှိသော ကြိမ်ဂနိုင်-လွန်းကျော်ရွာတွင် လူမှုစီးပွား အခြေနေအတန်အသင့် အလားအလာ ကောင်းမွန်သည့် အနေအထားတွင်ရှိသည်။ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းအမျိုးကွဲများ စုံလင်မှုရှိပြီး ဈာတ်သမား၊ ဆိုင်းတီးလုပ်ငန်း၊ လယ်သမား စသည့် ရှေးရိုးအသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှသည် ခေတ်အလျောက်ပေါ် ပေါက်လာသည့် လုပ်ငန်းများဖြစ်သော ထော်လာဂျီ၊ ထွန်စက်မောင်းနှင့် အဝေးပြေးကားမောင်းသမားထိ လုပ်ကိုင် စားသောက်ကြပါသည်။ တောင်သူလုပ်ငန်းသည် ကျေးရွာ၏အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်ပြီး ထုံးဖုတ်လုပ်ငန်းသည် လွန်းကျော်အပိုင်းက ဆက်လက်လုပ်ကိုင်နေဆဲရပ်တည်မှု ဒုတိယအများဆုံး အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်ပါသည်။ ဆိုင်ရာအသက်မွေးဝမ်းကျောင်း အမျိုးအစားတို့ကို ခြုံငုံကြည့်လျှင် တောင်ယာလုပ်ငန်းနှင့် ထုံးဖုတ်လုပ်ငန်းများကသာ အဓိက ဖြစ်ပြီး ကျန်အသက်မွေးဝမ်းကျောင်းမျိုးကွဲတို့မှာ ယင်းလုပ်ငန်းတို့နှင့် ဆက်စပ်ပြီး ခေတ်အလျောက် ပေါ်ထွန်းလုပ်ကိုင်လာကြခြင်းဖြစ်ပါသည်။

**(၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား( ၃)ကျေးရွာ၏ စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)**

| မြေအမျိုးအစား | ပမာဏ (ဧက) | မြေအရည်အသွေး | ဆည်ရေရရှိမှု | ရေအရင်းအမြစ် ရရှိနိုင်မှု | မှတ်ချက် |
|---|---|---|---|---|---|
| လယ်မြေ | ၂၁.၁ | ကောင်း | မရနိုင် | မိုးကောင်းသောက်နှင့်သဘာဝရေထွက်ပေါက် | |
| ယာမြေ | ၆၀ | ကောင်း | မရနိုင် | မိုးကောင်းသောက် | |
| ရေခြံ | ၅၀ | ကောင်း | မရနိုင် | မိုးကောင်းသောက်နှင့် သဘာဝရေထွက်ပေါက် | |
| ယာမြေ | ၈၂၇.၈ | ကောင်း | မရနိုင် | မိုးကောင်းသောက် | အေးရှားဝေါလ် |
| **စုစုပေါင်း** | ၁၃၁.၁/၉<br>၅၈.၉ | | | | |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆၊ ဇူလိုင်လ၊ ၂၀၁၅)

**လေ့လာတွေ့ရှိချက်**

တောင်သူအများစုမှာ ကြိမ်ဂနိုင်အပိုင်းမှဖြစ်ကြပြီး မြေယာများမှာ ယခုအချိန်ထိ အထွက်နှုန်းကောင်းဆဲဖြစ်ပါသည်။ ယာမြေများကို မိရိုးဖလာရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် လုပ်ကိုင်စားသောက်ခဲ့ကြရာမှ သက်ဆိုင်ရာဌာနများတွင် မြေယာမှတ်ပုံတင်သည့်အလေ့ နည်းပါးခဲ့ပါသည်။ အစိုးရမှ မှတ်ပုံမတင်ရသေးသောမြေများကို သစ်တောထိန်းသိမ်းရန်အတွက် သိမ်းယူစောင့်ရှောက်သောအခါမှသာ လယ်ယာမြေမှတ်ပုံတင်ခြင်းကို စတင်လုပ်ဆောင်လာကြပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်လုံးဝရပ်နားသွားပြီးနောက် အစိုးရက ကုမ္ပဏီများကို စက်မှုသီးနှံခင်းများ စိုက်ပျိုးရန် အငှားချပေးသောအခါ အဆိုပါသစ်တောထိန်းသိမ်းမြေများကို ပြန်လည်ချထားပေးခြင်းကြောင့် ရပ်ရွာမှလည်း မြေယာပြန်လည် တောင်းဆိုခြင်းများ ပြုလုပ်လာခဲ့ကြပါသည်။

လယ်ယာမြေအများစုမှာ မိုးကောင်းသောက်ဖြစ်ကြပြီး သဘာဝရေထွက်ပေါက်ဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သော မြေဧက(ဒေသအခေါ်ရေခြံမြေနက်)မှာ (၅၀) ဧကခန့်သာရှိပါသည်။ တရားဝင်မှတ်ပုံတင်ပြီး လယ်မြေ (၂၁.၁) ဧက၊ ယာမြေ (၆၀) ဧက နှင့် မှတ်ပုံမတင်ရသေးဘဲ ကုမ္ပဏီပိုင်မြေတွင် နားလည်မှုရယူပြီး ဆက်လက်စိုက်ပျိုးသော ယာမြေ (၈၂၇.၈) ဧက အသီးသီးဖြစ်ကြပါသည်။ စုစုပေါင်းတောင်သူလယ်ပိုင်ဦးရေမှာ (၁၈၉) ဦးသာရှိသောကြောင့် တရားဝင်မှတ်ပုံတင်ပြီး လယ်ယာမြေဖြင့်တွက်ပါက လယ်သမားတစ်ဦးလျှင် (၀.၆၉) ဧကစီသာ ပိုင်ဆိုင်သည်ဟုဆိုရပါမည်။ သို့သော် အေးရှားဝေါ်လ်ကုမ္ပဏီမှ ၎င်းပိုင်ယာမြေများပေါ်တွင် သဘောတူစက်မှုသီးနှံ မက္ကဒေးမီးယားအပင်များကြား လွတ်သည့်နေရာများကို နားလည်မှုပေးပြီး စိုက်ပျိုးခွင့်ပေးထားသောမြေဧရိယာစုစုပေါင်းမှာ (၈၂၇.၈) ဧက ထိရှိသောကြောင့် ယင်းမှာ ရွာပိုင်တရားဝင်မှတ်ပုံတင်လုပ်ကိုင်ခွင့်ရသော မြေစုစုပေါင်းထက် ဧက (၆၀၀) ကျော်ပိုမိုပါသည်။

## (၁.၄) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

**ဇယား(၄) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် အခြားသဘာဝအရင်းအမြစ် | ထုံးကျောက်(ဖြူး)- အနည်းငယ် | လွယ် |
| တိရိစ္ဆာန်မျိုးစိတ်များ | တောတိရိစ္ဆာန်များရှားပါးလာ | လွယ် |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | ရှားပါး | ခက် |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၄-၁၆၊ ဇူလိုင်လ၊ ၂၀၁၅)

**လေ့လာတွေ့ရှိချက်**

ကြိမ်ဂနိုင်ဟူသောအမည်သည် ရွာပိုင်ရေထွက်စိမ့်စမ်းတောတစ်ခု (ဂနိုင်) တွင်း ကြိမ်ပင်များ များပြားစွာ ပေါက်နေသည်ကို အစွဲပြုမှည့်ခေါ်ထားခြင်း ဖြစ်ပါသည်။ ရှမ်းအမည်ဖြင့် ရှေးဦးစွာ မှည့်ခေါ်ဖူးသော်လည်း ကြိမ်ဂနိုင်အမည်ဖြင့်သာ ကျေးရွာအုပ်စုဖြစ်လာခဲ့ပါသည်။ လက်ရှိအချိန်ထိ ယင်းဂနိုင်ကို တန်ဖိုးထားထိန်းသိမ်းထားဆဲဖြစ်သော်လည်း သစ်တောထူထပ်ခြင်း မရှိတော့သော ကြောင့် အပင်မျိုးစိတ်များအနေဖြင့် ရှားပါးသွားခဲ့ပြီဖြစ်ပါသည်။

**(၁.၅) ဥစ္စာဓနအဆင့်အနေအထား**

**ဇယား (၅) ဥစ္စာဓနအဆင့်ခွဲခြားမှုပြဇယား**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂ ဧက> | ၅ဧက မှ ၇ ဧက | ၁ဧက မှ ၄ဧက | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံ၊ပျဉ်ထောင်အိမ်၊နံကပ်တိုက် | နံကပ်တိုက် သွပ်မိုး | အုတ်ကြမ်းကပ် | ထရံကာ၊သွပ်မိုး အိမ်သေး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လယ်ထွန်စက်၊ ထော်လာဂျီကြီး၊ ပြောင်းချွေစက် ကန်တာ ကား | ထော်လာဂျီသေး၊ လက်တွန်းထွန်စက် ၊ပြောင်းချွေစက်၊ ကျွဲ၊ နွား | မော်တော်ဆိုင်ကယ်၊ ကျွဲ၊နွား | ပေါက်ပြား၊ တံစဉ် |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | စားသောက်ဆိုင်၊ လက်လွှရည်ဆိုင် | ကြက်ခြံ | ဂက်ကြက် | ကြက် |
| အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ | တောင်သူကြီး၊ စတိုးဆိုင်ကြီး၊ ကုန်စုံဆိုင်၊ ကုန်တင်ကား၊ထုံးပွဲစား သိန်း၅၀ | တောင်သူ၊ ဈေးဆိုင်၊ ပန်းရံဆရာ၊ ၂၅ သိန်း | တောင်သူစာရင်းငှား၊ ပန်းရံနောက်လိုက်၊ စက်မောင်း ၇သိန်း | ကျဘမ်း၊ ထုံးဖုတ် လုပ်သား၊ ကျောက်တူး၊ မီးထိုး၊ ဇာတ်နောက်လိုက်၊ ၁သိန်း |
| အခြားပိုင်ဆိုင်မှု | လျှပ်စစ်မီး၊ ဆွဲကြိုး၊ နားကပ်၊ ရေခဲသေတ္တာ၊ ပန်ကာ၊တီဗီ (စလောင်း)၊ ဆိုလာ | လျှပ်စစ်မီး ဆွဲကြိုး၊ နားကပ်၊တီဗီ၊ ဆိုလာ | လျှပ်စစ်မီး၊ ခေါက်တီဗီ | တီဗီ၊ ဆိုလာ၊ ဘတ္တရီ၊ ဓါတ်မီး၊ရေဒီယို |
| အိမ်ထောင်စုပေါင်း ၃၂၉ | ၄၆ | ၉၈ | ၁၁၉ | ၆၆ |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆၊ ဇူလိုင်လ၊ ၂၀၁၅)

**လေ့လာတွေ့ရှိချက်**

သာမန်အားဖြင့်ကျေးရွာများတွင် ဥစ္စာဓနအဆင့် (၃) ဆင့်သာခွဲခြားမြင်လေ့ရှိပြီး အဆင့် (၃) နှင့် (၄) ၏ ကွာခြားချက်မှာ သိသာလောက်အောင် ခြားနားမှုနည်းပါးပါသည်။ အဆင့် (၁) မှာ မြင်သာသိသာသော ချမ်းသာသူအစုဖြစ်ပြီး တောင်သူကြီးများနှင့် လုပ်ငန်းရှင်များအစုဖြစ်ကာ ယေဘူယျအားဖြင့် (၃၅) စုခန့် ပါဝင်ပါသည်။ ဒုတိယအဆင့် အလယ်အလတ်ရှိသောအိမ်ထောင်စု ပေါင်းမှာ (၉၈) ခန့်ရှိပြီး ကျေးရွာ၏အရေးပါသော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လေ့ရှိကြပြီး ပညာတတ်သူအများစုမှာ ဤအစုမှဖြစ်ပါသည်။ တတိယအဆင့် အိမ်ထောင်စု (၁၁၉) မှာ (၃၆%) ဖြစ်သောကြောင့် ရွာ၏အဓိကအင်အားစုဖြစ်ပါသည်။ မြေဧက ပိုင်ဆိုင်မှုကို (၁) ဧကမှ (၄) ဧကထိ ဖော်ထုတ်ထားသော်လည်း အဆင့်(၃)၏ အိမ်ထောင်စုအချို့က ကုမ္ပဏီနှင့်ညှိနှိုင်းပြီး ပြောင်းစိုက်ပျိုးသူများ ဖြစ်ကြသောကြောင့် အမှန်တကယ် မြေယာပိုင်ဆိုင်သည်ဟုဆိုနိုင်ခြင်းမရှိပါ။ စတုတ္ထအဆင့်ဖြစ်သော (၈၃) အိမ်ထောင်စုမှာမူအဓိကအားဖြင့် မြေယာလက်မဲ့ ဖြစ်ကြကာ လက်လုပ်လက်စားများသာ ဖြစ်ကြပါသည်။

### (၁.၆) ထိခိုက်လွယ်မှု

**ဇယား (၆) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု**

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ဖြဂနစ် နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | | | |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ | | | |
| | | | အိမ်ထောင်စု အရေအတွက် | |
| အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၁၀ | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | | ၅ | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ | | | |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်

အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၄၅) စုဖြစ်သော်လည်း အများစုမှာ ဖြေရှင်းနိုင်စွမ်းနိမ့်ပါးခြင်းမရှိချေ။ (၁၀) အိမ်ထောင်စုကိုသာ ထိခိုက်လွယ်နှင့် အကူအညီလိုအပ်သူများအဖြစ် တွေ့ရှိရပါသည်။ မုဆိုးဖို ဆင်းရဲပြီး မိသားစုဦးရေများသဖြင့် ဖြေရှင်းနိုင်စွမ်းနိမ့်သူ အိမ်ထောင်စု (၅) စု ရှိသည်ကိုတွေ့ရှိရပါသည်။ မသန်စွမ်းသူတစ်ချို့ရှိသော်လည်း မိသားစု၏ ထောက်ပံ့ကူညီမှုကို အပြည့်အဝရရှိသဖြင့် ဖြေရှင်းနိုင်စွမ်းနည်းပါးခြင်းမရှိချေ။

ဇယား (၇) ကျေးရွာရှိ ထိခိုက်လွယ်မှုဖြစ်နိုင်သည့် လူဦးရေ

| ထိခိုက်လွယ်အခြေအနေ | နိမ့်၊မြင့်၊လတ် | မှတ်ချက် |
|---|---|---|
| လုပ်ငန်းဆုံးရှုံးခြင်း | လတ် | လူလတ်တန်းစား၊ လုပ်ငန်းအပေါ် စိတ်ဝင်စားမှုမရှိခြင်း ကျွမ်းကျင်မှုမရှိခြင်း။ |
| ကျန်းမာရေး မကောင်းခြင်း | လတ် | သက်ကြီး (၂၀) ဦး ကလေးသူငယ် (၅၀)ဦး ၊ သက်ကြီးရွယ်အို၊ ကလေးသူငယ်၊ ဆင်းရဲမိသားစု၊ ငွေကြေးမတတ်နိုင်၊ ရာသီဥတုဒဏ်မခံနိုင်။ |
| မတော်တဆ ဆိုင်ကယ်ထိခိုက်မှု | လတ် | လူငယ် (ကျား၊မ)၊ မဆင်မခြင်မောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားမလည်ခြင်း၊ မူးယစ်သောက်စားပြီးမှ မောင်းနှင်ခြင်း။ |
| မသန်စွမ်း | လတ် | ကျား (၂) မ (၄) လူငယ်၊ သက်ကြီးရွယ်အို။ |
| စီးပွားရေးလုပ်ငန်း ဖိဖိစီးစီးမလုပ်နိုင်ခြင်း | လတ် | မ (၁၀)၊ ကျား( ၁၀) အမျိုးသမီးဦးဆောင်အိမ်ထောင်စုနှင့် အမျိုးသားဦးဆောင် အိမ်ထောင်စု ဝင်ငွေရရှိမှုနည်းခြင်း၊ အမျိုးသားများနှင့် တန်းတူ ငွေမရှာနိုင်ခြင်းနှင့် စိတ်အားငယ်ခြင်း။ |
| ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊လူမှု ရေး၊ ရသီဥတုဖောက်ပြန်ခြင်း | မြင့် | (၂၀) အိမ်ထောင်စု ဆင်းရဲသည့်မိသားစု (လက်လုပ်လက်စား၊ ကျပမ်းများ) ၊ ရင်းနှီးငွေမရှိခြင်း ၊ ဝင်ငွေအားနည်းခြင်း၊ သိမ်ငယ်စိတ်ရှိခြင်း။ |
| မူးယစ်ဆေးဝါးသုံးစွဲမှု | နိမ့် | (၄-၅)ဦး လူငယ် (ကျား) အပေါင်းအသင်းမှား၊ လက်တည့်စမ်း(တခြားသို့ အလုပ်သွားလုပ်ရာမှဖြစ်)။ |
| အခြား | နိမ့် | ပိုက်လိုင်းအနီးရှိ အိမ်ခြေအချို့နှင့် လယ်ယာများ သဘာဝ ဓါတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်း၊ ရွာတွင်းကဖြတ်သွားခြင်း၊ တရုတ်ကုမ္ပဏီက ပိုက်လိုင်း။ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ကျရောက်နိုင်ခြင်း အဆင့် | မှတ်ချက် |
|---|---|---|---|
| **စီးပွားရေး** | | | |
| ၁။ | ဝမ်းစာမဖူလုံမှု | အချို့မြင့် | အနည်းငယ်သော အိမ်ထောင်စုများသာ ပမာဏ လျော့စားရခြင်း |
| ၂။ | သဘာဝအရင်းအမြစ် ရှားပါးမှု | မြင့် | မြို့ပြတိုးချဲ့မှုကြောင့် စိုက်ပျိုးမြေ တဖြည်းဖြည်း လျော့နည်းလာခြင်းနှင့် အကန့်အသတ်ရှိခြင်း။ လွန်းကျော် ထုံးဖုတ်လုပ်ငန်းမှာ ကျောက်တူးစရာ ရှားပါးလာခြင်း၊ ထင်းရှားပါးလာခြင်းတို့ကြောင့် လာမည့် (၂) နှစ်ခွဲခန့် တွင် အိမ်ခြေပေါင်း (၁၃၀) ကျော်ခန့် အသက်မွေး ဝမ်းကျောင်း အခက်အခဲ တွေ့ကြုံရမှု မြင့်မားနိုင်သည်။ |
| ၃။ | လယ်ယာ သွင်းအားစုများ အားလုံး ပြင်ပကို မှီခိုအား ထားနေရခြင်း | မြင့် | ဓါတ်မြေဩဇာများ၊ ပေါင်းသတ်ဆေးများမှာ တရုတ် နှင့် ထိုင်းနိုင်ငံလုပ်များချည်း ဖြစ်ပြီး ထိုင်း၊ တရုတ် ဘာသာများဖြင့်သာ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ကျရောက်နိုင်ခြင်း အဆင့် | မှတ်ချက် |
|---|---|---|---|
| | | | ရေးသားထားခြင်းကြောင့် အချိုး အဆကို အပြည့်အဝ နားမလည်ဘဲ သုံးစွဲကြရ သည်။ မျိုးစေ့များမှာလည်း ဒေသမျိုး မကျန်ရှိတော့ဘဲ တရုတ်မျိုးကိုသာနှစ်စဉ် ဝယ်ယူသုံးစွဲရသည်။ |
| ၄။ | ဈေးကွက် တစ်ခုတည်းသာ အားထားရခြင်း၊ ဈေးကွက် လက်လှမ်းမှီမှုအားနည်းခြင်း | မြင့် | ပြောင်းကို အဓိကထား စိုက်ပျိုးရပြီး တရုတ်ကိုသာ ပွဲစားမှတဆင့် ရောင်းချရခြင်းနှင့် တရုတ်ငွေဈေး အတက်အကျကို မှီတည်ပြီး ပြောင်းဈေးအတက် အကျရှိခြင်း၊ အခြားဈေးကွက်များသို့ တင်ပို့ရောင်းချရာတွင်အမြတ်မကျန်ခြင်း၊ |
| ၅။ | ဈေးငွေ လက်လှမ်းမမှီခြင်း | မြင့် | သယ်ယူစရိတ်မြင့်ခြင်း၊ တရုတ်နှင့် ဆက်စပ်ပွဲစားများမှာ ရွာသို့ကိုယ်တိုင် လာရောက်ရောင်း(မျိုးစေ့) ဝယ်ခြင်း(ပြောင်း) ကြောင့် ရွာသားများ ကိုယ်တိုင်ဈေးကွက်သို့ သွားရောက်မှု နည်းပါးလာခြင်း။ တောင်သူအများစုမှာ ကုမ္ပဏီပိုင် စိုက်ခြံအတွင်း နားလည်မှုဖြင့် လုပ်ကိုင်စားသောက်ရသည် ဖြစ်သော ကြောင့် ပုံစံ(၇)မြေပိုင်ဆိုင်မှု မပြနိုင်သဖြင့် စိုက်ဘဏ်မှ ချေးငွေမရရှိနိုင်ခြင်း၊ ပုံစံ(၇) ရရှိပြီးပါက လည်း စိုက်၊ ဘဏ်၏ အချိန်မမှီခြင်း၊ ပေါက်ဈေးနှင့် မညီခြင်း၊ နည်းလမ်းများ ရှုပ်ထွေးခြင်း၊ မွေးသမ အနေဖြင့် ငွေချေးပေးသော်လည်း ပေါက်ဈေးထက် များစွာ နိမ့်ကျနေခြင်း (ဥပမာ- နို့စား နွားတစ်ကောင် ဝယ်ယူရန် ချေးပေးငွေမှာ (၁၅၀၀၀၀) ဖြစ်ပြီး ဈေးကွက်ပေါက်ဈေးမှာ (၁၂၀၀၀၀၀) ကျပ်ဖြစ် နေခြင်း)၊ ဖော်ပြပါ အကြောင်းများ ကြောင့် ပွဲစား (ရွာပြင် အများစုနှင့် ရွာတွင်း အနည်းငယ်) များ ထံမှ အတိုးနှုန်းအမြင့် (၅ကျပ်တိုးခန့်) ဖြင့်ကြို တင်ငွေ ယူရပြီးယင်းသို့ ယူရခြင်းကြောင့် စာချုပ်မချုပ်ထားသော်လည်း တစ်ခုတည်းသော ငွေကြေးရင်းမြစ်ဖြစ် နေသဖြင့် အဆိုပါပွဲ စားများ ထံသာရောင်းချကြရခြင်း။ ပက်မြန်မာစုငွေ၊ ချေးငွေမှာလည်း အလယ်အလတ် တန်းစား အမျိုးသမီးများကိုသာဦးတည်ခြင်း၊ နှစ် ပတ်လျှင် တစ်ကြိမ်ကျ အတိုး+အရင်း ပြန်ဆပ်ရ သော် လည်း အတိုးရင်းပေါင်းမှ ငွေကြေသည် အထိ မူလချေးငွေပေါ်မှသာ တွက်ယူခြင်းကြောင့် နောက်ဆုံး အတိုးငွေနှုန်းများပြားခြင်း၊ ဝိုင်းကြီး |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ကျရောက်နိုင်ခြင်း အဆင့် | မှတ်ချက် |
|---|---|---|---|
| | | | ချူပ်စနစ်ဖြစ်ခြင်းနှင့် လူတန်းစားခွဲခြား ထားခြင်း၊ လုပ်ငန်း ပုံမှန်မရှိသူများအတွက် ယင်း နှစ်ပတ်တစ်ကြိမ်ပင်လျှင် ဂန်ထုပ်ဂန်ပိုးဖြစ်လာခြင်း၊ ဈေးငွေသည်လက် လုပ်လက်စားများ၏ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းနှင့် ချိတ်ဆက်မှုမရှိခြင်း |
| **ကျန်းမာရေး** | | | |
| ၆ | ငှက်ဖျား | နိမ့် | ကြိမ်ဂနိုင်-လွန်းကျော်တွင် CESVI အဖွဲ့မှ ငှက်ဖျား ကျန်းမာရေးပညာပေးပြီး ဆေးစိမ်ခြင်ထောင်ဖြန့်ဝေခြင်းတို့ကြောင့် လူထု၏ကျန်းမာရေး အသိအမြင် တိုးပွားလာပြီး ငှက်ဖျားဖြစ်ပွားခြင်း မရှိသလောက် နည်း။ |
| ၇။ | အအေးမိ၊နှာစေး၊ဝမ်းပျက်ဝမ်းလျှော | အချို့ | ဆင်းရဲနွမ်းပါးမိသားစုများတွင်သာ ရံဖန်ရံခါအဖြစ် များ။ |
| ၈။ | ခုခံအားကျဆင်းမှု ရောဂါ | နိမ့် | ပြင်ပသို့ သွားရောက်လုပ်ကိုင်ခြင်း နည်းပါး။ ကြိုတင် ကာကွယ် ရန်သတိမူမိကြသည်။ |
| **လူမှုရေး** | | | |
| ၉ | လူကုန်ကူးခြင်း | အချို့ | အချို့အိမ်ထောင်စုများသည် အခြားဒေသနှင့် နိုင်ငံခြားသို့ရွှေ့ပြောင်း အလုပ်လုပ် ကိုင်ကြသဖြင့် လူကုန်ကူးခံရနိုင်။ |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်

ဥစ္စာဓနအဆင့်ခွဲခြားခြင်းမှ အဆင့် (၄) မိသားစုများမှာ အထူးသဖြင့်စားနပ် ရိက္ခာဖူလုံမှုဆိုင်ရာ ထိခိုက်နစ်နာလွယ်သည့် အခြေအနေတွင်ရှိကြပါသည်။ ဆိုလိုသည်မှာနေ့စဉ် လိုအပ်ချက်ကို နေ့စဉ်ဖန်တီးနိုင်သော်လည်း အမှန်တကယ် အခက်အခဲတစ်စုံတစ်ရာနှင့် ကြုံတွေ့လာပါက ရပ်တည်နိုင်စွမ်းနည်းပါးခြင်း ဖြစ်ပါသည်။ ကျေးရွာတစ်ခုလုံး၏ အဓိကစီးပွားရေးမှာ ပြောင်းစိုက်ပျိုးရောင်းချခြင်းမှလာသောကြောင့် ပြောင်းတစ်မျိုးတည်းကိုစိုက်ပျိုးခြင်းနှင့် ယင်းသို့စိုက်ရာတွင် သွင်းအားစုမှ စပြီးရောင်းချသည်အထိ တရုတ်တဆင့်ခံပွဲစားကိုသာ လုံးဝမှီခိုအားထားရခြင်းသည် ထိခိုက်လွယ်အခြေအနေကိုမြင့်မားစေပါသည်။

ဇယား (၈) မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | အသက်မွေးဝမ်းကျောင်း အပြောင်းအလဲကြောင့် ကျွမ်းကျင်မှု အသစ်များ အချိန်မီ ရရန်လို။ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | ဖြေရှင်းနိုင်စွမ်းနည်းပါး၊ ဝန်ဆောင်မှုများ လက်လှမ်းမမီ။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | အသက်မွေးဝမ်းကျောင်း မရေရာ၊ ပုံမှန်ဝင်ငွေမရ၊ လုပ်ငန်းရှားပါးလာ၊ (အဆိုးကျော့သံသရာ)။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသ | နိမ့် | ငှက်ဖျား ထူပြောခဲ့ဖူး၊ ယခု မရှိ။ |
| ၅ | မြစ်ကမ်းဘေးနေလူထု | နိမ့် | မြစ်ကမ်းနှင့်မနီး။ |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများ သောနေရာ (Prone to accident) | မြင့် | မန္တလေး- လားရှိုးကားလမ်းဘေးဖြစ်ခြင်း၊ အထက်တန်း နီးစပ်ရာကျောင်းများသည် ယင်းကားလမ်းကို အသုံးပြုသွားရခြင်း၊ လူငယ်တို့ မူးယစ်ပြီးမောင်းခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမသိခြင်း။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | မရှိ | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မရှိ | |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | တစ်နိုင် ငါးကန်ဖြစ်ခြင်း။ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အလုပ်အကိုင်ရှားပါး၊ ဈေးနှုန်းတက်၍ လုပ်အားခတိုးတောင်း၊ လုပ်အားခမြင့်၍ ယာရှင်ကမငှား။ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | အတူတကွ နေထိုင်သည်မှာ နှစ်များစွာကြာသော်လည်း ပဋိပက္ခ မဖြစ်ဖူးပါ။ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာ | နိမ့် | စစ်အစိုးရနောက်ပိုင်း မရှိသလောက်ဖြစ်။ |
| ၁၃ | နယ်စပ်ဒေသ | နိမ့် | နယ်စပ်ဒေသမဟုတ်ချေ။ |
| ၁၄ | ထုံးလုပ်ငန်းလုပ်ကိုင်သူများ | မြင့် | ရာသီဥတုပြောင်းလာခြင်း၊သစ်တောရှားလာခြင်းကြောင့် လာမည့်နှစ်အနည်းငယ်အတွင်း အိမ်ထောင်စု (၁၀၀)ကျော် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အသစ်ပြောင်းရမည့် အခြေအနေကြုံတွေ့။ |
| ၁၅ | ဆေးစွဲသူများ | မြင့် | ဆေးသုံးခြင်းနှင့် ဆက်စပ်ကူးစက်ရောဂါဖြစ်နိုင်ချေမြင့်၊ ဆိုင်ကယ်မတော်တဆမှု။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူ များ | | |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | | |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
| --- | --- | --- | --- |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | အနည်းငယ်သာ နိုင်ငံခြား(ထိုင်း) သွား။ |
| ၁၉ | ကားသမား | မြင့် | ကျန်းမာရေးနှင့် လိင်ကိစ္စနှင့်ပတ်သက်သော အသိပညာနည်းပါးခြင်း။ |
| ၂၀ | အခြား | | |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆၊ ဇူလိုင်လ၊ ၂၀၁၅)

**၂။ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(၂.၁)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ**

**ဇယား (၉) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
| --- | --- | --- | --- | --- | --- | --- | --- | --- |
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | | ၂၃ | | ၂၃ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | မြို့နယ်အုပ်ချုပ်ရေး | ၆ |
| ၂ | ဂေါပကအဖွဲ့ | ၃ | ၇ | | ၇ | ဘာသာရေး | ကျေးရွာနှင့် ဆင်လမ်းစု ဘုန်းကြီးကျောင်း | ၆ |
| ၃ | ဝေယျာဝစ္စမြတ်သုခ | ၂ | | ၅၀ | ၅၀ | လူမှုရေး အတွက်ငွေစု | ကျေးရွာကိုယ်တိုင် | ၆ |
| ၄ | ဓမ္မစကူးလ် | ၃ | ၆ | ၆ | ၁၂ | ယဉ်ကျေးလိမ္မာ သင်တန်း | ကျေးရွာနှင့် မဘသ | ၆ |
| ၅ | လူငယ်အဖွဲ့ | ၃ | ၅၄ | | ၅၄ | ရပ်ရွာအရေးကိစ္စရပ်များ၊ အုပ်ချုပ်ရေးနှင့်တွဲဖက်တာဝန်ယူ | ကျေးရွာအစည်းအဝေး | ၆ |
| ၆ | အမျိုးသမီးအဖွဲ့ | ၃ | | ၆၃ | ၆၃ | ရပ်ရွာအရေးကိစ္စများ | ကျေးရွာအစည်းအဝေး | |
| ၇ | လျှပ်စစ်မီး | ၃ | ၁၅ | | ၁၅ | ကျေးရွာမီးလင်းရေး | ကျေးရွာအစည်းအဝေး | ၆ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၈ | ရေကော်မတီ | ၃ | ၁၅ | | ၁၅ | ကျေးရွာသုံး ရေရရှိရေး | ကျေးရွာအစည်းအဝေး | ၆ |
| ၉ | မီးသတ်အဖွဲ့ | ၃ | ၇ | | ၇ | မီးဘေးအန္တရာယ်ကာကွယ်ရေး | ကျေးရွာအစည်းအဝေး | ၆ |
| ၁၀ | အမျိုးသမီးရေးရာ | ၃ | ၁၇ | | ၁၇ | ကြိုဆိုဧည့်ခံ | မြို့နယ်အုပ်ချုပ်ရေး | ၇ |
| ၁၁ | ပြည်သူ့စစ် | ၃ | ၅ | | ၅ | ရပ်ရွာကာကွယ်ရေး | စစ်တပ်ကလာရောက်ဖွဲ့ပေးခဲ့။ | |
| ၁၂ | မိဘ၊ဆရာအသင်း | ၃ | ၁၀ | ၇ | ၁၇ | ကျောင်းသားပညာရည်ကောင်းမွန်စေရန် | ကျေးရွာ၊မူလွန်ကျောင်း | ၆ |
| ၁၃ | ကျောင်းအကျိုးတော်ဆောင် | ၃ | ၁၃ | ၆ | ၁၉ | ကျောင်းလိုအပ်ချက်များဖြည့်ဆည်းပေးရန်၊ ရံပုံငွေရှာရန် | ကျေးရွာနှင့် မူလွန်ကျောင်း | ၆ |
| ၁၄ | မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ | ၃ | | ၁၀ | ၁၀ | ကလေးမွေးခြင်း၊ နို့တိုက်မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်ရန် | မြို့နယ်အုပ်ချုပ်ရေး | ၇ |
| ၁၅ | ကျန်းမာရေးမြှင့်တင်မှုအဖွဲ့ | ၃ | | ၇ | ၇ | ကျေးရွာအတွင်းကျန်းမာရေးအခြေအနေမြင့်မားရေး | ကိုယ်ထူကိုယ်ထ | ၆ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁၆ | ကျောင်းထောက်ပံ့ကြေးကော်မတီ | ၃ | ၃ | ၈ | ၁၁ | ကျောင်းထောက်ပံ့ကြေးများစီမံခန့်ခွဲရေး | ကျေးရွာ | ၆ |

**ရည်ညွှန်း** - ကျေးရွာအခြေအနေကို ကျေးရွာသူ/ ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

ကြိမ်ဂနိုင်-လွန်းကျော်ကျေးရွာဟု ရွာကိုနှစ်ပိုင်းပိုင်းသော်လည်း ကျေးရွာအတွင်းရှိ လူမှုရေးအဖွဲ့အစည်းများမှာမူ ထိုသို့ခွဲခြားခြင်းမရှိပါ။ သို့သော်လွန်းကျော်အပိုင်း၏ ပူးပေါင်းပါဝင်မှုမှာ အုပ်ချုပ်ရေးပိုင်းနှင့် လူငယ်ပိုင်းမှလွဲပြီး အခြားကိစ္စရပ်များတွင် အားဖြည့်ပါဝင်ရုံသာ ပါဝင်ကြလေ့ရှိပါသည်။ လွန်းကျော်အနေဖြင့် ကိုယ်ပိုင်ရွာခွဲရရှိရန် ကြိုးစားနေဆဲ မြေနေရာဧရိယာများပါ တိုင်းတာတင်ပြထားဆဲအခြေအနေ ဖြစ်ပါသည်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

**ဇယား (၁၀) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | မြို့နယ်လျှပ်စစ်ဌာန | အစိုးရအဖွဲ့အစည်း | လစဉ်မီတာကြေးကောက်ခံ၊လျှပ်စစ်မီလိုင်းပြုပြင်ခြင်း။ |
| ၂ | မြို့နယ်မီးသတ် | အစိုးရအဖွဲ့အစည်း | သင်တန်းပေး၊ ဝတ်စုံထောက်ပံ့။ |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၃ | မြို့နယ်ပညာရေး | အစိုးရအဖွဲ့အစည်း | ဆရာ၊ဆရာမအင်အားပြည့်စုံရေး၊ သင်ထောက်ကူပစ္စည်းပြည့်စုံရေး။ |
| ၄ | မြို့နယ်ကျန်းမာရေးဌာန | အစိုးရအဖွဲ့အစည်း | ကာကွယ်ဆေးထိုးခြင်း၊ |
| ၅ | ကျေးလက်ဦးစီးဌာန | အစိုးရအဖွဲ့အစည်း | ရွာလယ်လမ်းမ ကတ္တရာလမ်းခင်း၊ ကျေးလက်အိမ်ယာ ၄ လုံးဆောက်။ |
| ၆ | နိပွန်ဖောင်ဒေးရှင်း | ၅ | ကျောင်းဆောင်သစ်တစ်ဆောက်ပေးခြင်း၊ |
| ၇ | ပက်မြန်မာ | ၂ | ငွေစုငွေချေးအမျိုးသမီးအဖွဲ့၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဟောပြောခြင်း။ |
| ၈ | ချက်စဗီ | ၂ | ၄က်ဖျားတိုက်ဖျက်ရေး(ဆေးစိမ်ခြင်ထောင် ဝေ)၊ အသက်မွေးဝမ်းကြောင်း ဖူလုံရေးစီမံချက်။ |

**ရည်ညွှန်း-** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၄-၁၆ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

မှတ်ချက်

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**(၂.၂)ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၁၁) ဝမ်းစာဖူလုံမှု**

**ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၉၂ | ၂၇.၉၆ | ပုဂ္ဂလိကငွေတိုးချေးစားသူ၊ပက်မြန်မာမှယူ၊ အလုပ်ရှင်ထံတွင် လုပ်အားခကြိုရောင်း။ |
| ၃ လနှင့် ၅ လ အထိ | ၅၃ | ၁၆.၁၀ | ပုဂ္ဂလိကငွေတိုးချေးစားသူ၊ ပက်မြန်မာမှယူ၊ အလုပ်ရှင်ထံတွင် လုပ်အားခကြိုရောင်း။ |
| ၆လ မှ ၁၂ လ အထိ | ၁၈၄ | ၅.၉၂ | စိုက်ဘဏ်နှင့် သီးနှံပွဲစားထံမှ အဓိကယူ၊ ဆွေမျိုးသားချင်းနှင့် ငွေတိုးချေးသူထံမှ ရံဖန်ရံခါယူ။ |

**ရည်ညွှန်း** - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၄-၁၆ ရက်၊ဇူလိုင် လ၊၂၀၁၅ နှစ်)

**လေ့လာတွေ့ရှိချက်**

စားနပ်ရိက္ခာဖူလုံမှုအခြေအနေမှာ သာမန်အားဖြင့် အရေးပေါ် ဖြေရှင်းရန်လိုအပ်သော အခြေအနေမဟုတ်ဟု ဆိုနိုင်ပါသည်။ သို့သော် (၃) လအောက် အိမ်ထောင်စုသည် ကျေးရွာ၏ (၂၈%) ခန့်ရှိနေသဖြင့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ အခက်အခဲတစ်ရပ်ရပ်နှင့် ကြုံတွေ့လာခဲ့ရပါက တစ်ရွာလုံးအင်အားဖြင့် ပူးပေါင်းဖြေရှင်းလျှင်ပင် အနည်းငယ်အခက်တွေ့နိုင်သောအနေအထား ဟုဆိုရမည်ဖြစ်ပါသည်။ အများစုမှာ လွှန်းကျော်ပိုင်းမှ ဖြစ်ကြပြီး ထုံးဖုတ်လုပ်ငန်းရှင်က လုပ်ကိုင်နေသ၍ အဆင်ပြေနိုင်သော်လည်း ထုံးဖုတ်လုပ်ငန်းကို လာမည့် (၂) နှစ် (၃) နှစ်အတွင်း လုံးဝ ရပ်နားရမည်ဖြစ်ကြောင်း နားလည်ထားပြီးဖြစ်သော်လည်းအခြား အသက်မွေးဝမ်းကျောင်းအတွက် ပြင်ဆင်ထားခြင်း မရှိသေးသောကြောင့် ထိခိုက်နစ်နာလွယ်မှု အနေအထားမြင့်သည်ဟု ဆိုနိုင်ပါသည်။

**(၂.၃) စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊**

**(၂.၃.၁) စိုက်ပျိုးရေးသီးနှံ**

**ဇယား (၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ် ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၂၁ | ၃၆.၇၇% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ဟတ် တာထိ) | ၆၈ | ၂၀.၆၆% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ဟတ်တာထိ) | ၉၀ | ၂၇.၃၅% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား(၅ဟတ်တာထိ) | ၄၆ | ၁၄ | အလယ်အလတ်တောင်သူ |
| ၅ | ၁၂.၅ဧကအထက်(၅ဟတ်တာနှင့်အထက်) | ၄ | ၁.၂၁ | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၃၉၂ | ၁၀၀ % | |

**ရည်ညွှန်း** - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၄-၁၆ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

**မှတ်ချက်။** ဤတွင်ဖော်ပြတွက်ချက်ထားသောမြေဧကပိုင်ဆိုင်မှုများမှာ မှတ်ပုံတင်ရရှိထားသော မြေချည်းသက်သက်မဟုတ်ပဲ လက်ရှိလုပ်ကိုင်စားသောက်နေသော အေးရှားဝေါလ် စိုက်ခင်း အတွင်းဝင် ရောက်လုပ်ကိုင်စားသောက်နေသည့် ဧက (၈၀၀) ကျော်ကိုလည်း အမှန်တကယ်စိုက် ပျိုးသည့် ဧကကို သိရှိနိုင်ရန်အတွက် ထည့်သွင်းရေတွက်ထားခြင်း ဖြစ်ပါသည်။

**ဇယား (၁၃) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | | | |
| ၂ | ရေလွှဲဆည် | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | |

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဇကေ | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၄ | ဆည်မြောင်း | | | |
| ၅ | အဝီစိတွင်း | ၁၃ | အိမ်သုံးရေ | တစ်နှစ်ပါတ်လုံးရနိုင် |
| ၆ | လက်ငင် ရေတွင်း | | | |
| ၇ | စိမ့်စမ်းရေ | | ၂၆ ဇကေ | တစ်နှစ်ပါတ်လုံးနီးပါးရရှိနိုင် |

**ရည်ညွှန်း** - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၄-၁၆ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

**လေ့လာတွေ့ရှိချက်**

မိုးကောင်းသောက်စိုက်ပျိုးခြင်းဖြစ်သဖြင့် စိုက်ပျိုးရေအခက်အခဲမရှိဟု ပြောဆိုကြပြီး ဥယျာဉ်ခြံအတွက်သာ ရေအခက်အခဲရှိဟု ဖော်ထုတ်ဆွေးနွေးကြပါသည်။

**ဇယား (၁၄)အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစုလိုအပ်ချက် (နိမ့်/ လတ် /မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/ လတ် /မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | | | | |
| ပြောင်း | ၁၅၀ | ပိဿာ | ၇၀၀ | ၂၀၀၀ | ၁၃၅၀ | ကဆုန်၊ နယုန်၊ ဝါဆို (၃.၅) | လတ် | လတ် | |
